ကျွန်တော်က 'ကျွန်တော် ကိုယ်တော့်ကို သုံးပိုင်းပိုင်းမထားပါဘူး' လို့ ပြောခဲ့ပါတယ်။ ကျွန်တော်က 'ဆရာကြီး ခင်ဗျားတို့ ရဲ့ပရောဖက်တွေထဲက တစ်ယောက်လောက်ကတစ်ခုခုမှားပြောတာကို ယုံကြည်ဖို့ဆိုတာ ခင်ဗျားအတွက် ထူးဆန်းတဲ့ကိစ္စတစ်ခု မဟုတ်ဘူးလား?' ဟုမေးခဲ့ပါတယ်။ သူက ငါတို့ရဲ့ပရောဖက်ကအမှားအယွင်းဘာတစ်ခုမျှ မပြောဘူး 'လို့ ပြောပါတယ်။

ကျွန်တော်က 'ဟေရှာယအနာဂတ္တိကျမ်း ၉း၆ ကို ပြောတာ ဘယ်သူဖြစ်ပါသလဲ?' လို့ မေးခဲ့ပါတယ်။

သူက 'မေရှိယ' လို့ ပြောခဲ့ပါတယ်။

ကျွန်တော်က 'ဒီနောက် မေရှိယဟာ လူသားပရောဖက်တစ်ယောက်ဖြစ်လာတယ်။အဲဒါဟုတ်လား?' ဟု မေးခဲ့ပါတယ်။

သူက 'ဟုတ်ပါတယ် ဆရာ။ အဲဒါအမှန်ပဲ' လို့ ပြောပါတယ်။

ကျွန်တော်က 'ယေရှုက အဲဒါနဲ့ ချော်လဲတဲ့နေရာကို ကျွန်တော်အားပြပါ' လို့ ပြောခဲ့ပါတယ်။ ကျွန်တော်က 'မေရှိယပရော ဖက်က ဘုရားနဲ့ ဘယ်လိုပတ်သက်ဆက်နွယ်မှုရှိပါမည်နည်း?' ဟုမေးခဲ့ပါတယ်။

သူက 'ထိုသူဟာ ဘုရားဖြစ်သွားမှာပေါ့' လို့ ဖြေပါတယ်။

ကျွန်တော်က 'အဲဒါအမှန်ပဲ။ အခုနှုတ်ကပတ်တော်ပေါ်က အဲဒီအကြောင်းအရာပေါ်ကအဲဒီအရာကို ခင်ဗျားရထားပြီးပြီပဲ' ဟု ပြောခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကူညီပါ။ အဲ့မှာ ဂျူးတွေရပ်နေရမှာပဲဖြစ်ပါတယ်။ပြီးတော့ သူပါးပြင်ပေါ်သို့ မျက်ရည် တွေ

စီးကျလာပါတယ်။ ‘မကြာသေးအချိန်နာရီတစ်ခုခုမှာတော့ကျွန်တော် ခင်ဗျားကို နားထောင်ရဦးမှာပါ’ ဟု ဆိုပါတယ်။

ကျွန်တော်က ‘ဆရာရေ ခင်ဗျား အဲဒါကိုယုံပါသလား?’ ဟု မေးခဲ့ပါတယ်။

ပြီးတော့ သူက ‘ကြည့်ပါ။’ ဆိုပြီး ‘ဘုရားသခင်က ဒီကျောက်တုံးတွေကို အာဗြဟံ၏သားမြေးများအဖြစ် ပေါ်ထွန်းစေနိုင်တယ်။’ ဟု သူကဆိုပါတယ်။ သူဟာဓမ္မသစ်မှာရှိတယ်ဆိုတာကို ကျွန်တော်သိပါတယ်။ ကျွန်တော်က ‘ဟုတ်ပါပြီ ဆရာရေ။ အခု အဲ့အကြောင်းက ဘာပါလဲ?’ ဟု မေးခဲ့ပါတယ်။

သူက ‘တကယ်လို့အဲ့အကြောင်း ကျွန်တော်ဟောပြောခဲ့တာဆိုရင်ကျွန်တော်အဲဒါကို ဆင်းသွားခဲ့တာဖြစ်ပါမည်။ [ခင်ဗျား တို့ အဲဒီတောင်ကုန်းရှိတဲ့နေရာပေါ်မှာထိုင်တော်မူခဲ့တာကို သိကြပါတယ်။] အဲဒီလမ်းကိုဆင်းသွားရင် ကျွန်တော့်ရဲ့မုန့်ကို တောင်းဆိုမှုပြုတဲ့အရာရှိမည်။’ လို့ ပြောပါတယ်။

ကျွန်တော်က ‘ကျွန်တော် အဲဒီကိုဆင်းရင်လည်း ကျွန်တော်မုန့်ကိုတောင်းတာမျိုးရှိချင်ရှိပါမည်။ [ဂျူးတွေဟာ သူတို့ရဲ့ လက်ထဲမှာ ပိုက်ဆံဆိုတာကို ကပ်ထားတတ်တဲ့သူမျိုးတွေဖြစ်ပါတယ်။ခင်ဗျားတို့ သိပါတယ်။ ကြည့်ပါ။] ကျွန်တော်လည်း ဖြစ် ကောင်းဖြစ်နိုင်ပါတယ်။ [ရွှေနှင့်သူနာမည်ကို အဲဒီအပေါ်မှာထားတာဖြစ်ပါတယ်...]’ ကျွန်တော်က ‘ကျွန်တော်ဟာ အဲဒီမှာ အငန် မုန့်ကို သွားစားပြီးတွင်းရေကို သောက်သုံးမှုပြုပါမည်။ အဲဒီနောက် ကျွန်တော်ဟာ ဘုရားသခင်နှင့် သဟဇာတဖြစ်ဖြစ်ရှိနေတယ် ဆိုတာကို သိပါမည်။ ပြီးတော့ သက်သေပြကြပါတယ်။ ဒါထက် ကျွန်တော်ဟာ ဒီလိုမျိုးကျွန်တော့်နာမည်ကို အဲဒီလိုအဆောက်အ ဦးပေါ်မှာ ရွှေစာသားနဲ့ ရေးထားပါမည်။ ကျွန်တော်ဟာဘုရားသခင်ဆီကနေ အဝေးကိုရောက်နေပြီလို့ သိထားရပါမည်။ အဲဒါကို ကျွန်တော်သိရပါမည်’ ဟု ပြောခဲ့ဖူးပါတယ်။ သူဟာ ကျွန်တော်ပြောတာကိုသည့်ထက်ပိုပြီး နားမထောင်တော့ပါဘူး။ ဒါကြောင့် သူအထဲကို ဝင်သွားခဲ့ပါတယ်။

39 ၃၉။ အဲဒါပါပဲ။ခင်ဗျားတို့ ဘုရားသခင်ကို နှစ်ပိုင်းသုံးပိုင်းခွဲခြမ်းလို့ မရပါဘူး။ ခမည်းတော်၊ သားတော်၊သန့်ရှင်းသောဝိညာဉ် တော်ဆိုပြီးတော့ ခေါ်ဆိုမှုပြုကြပါတယ်။ ပြီးရင် ဘုရားသုံးပါးလုပ်ကာဂျူးတစ်ယောက်လက်ထဲကို အဲဒါကို ထည့်လိုက်တာဖြစ်ပါ တယ်။ သူ့ရဲ့အလွန်တရာသော ပညတ်ချက်က ‘ငါမှတစ်ပါး အခြားသောဘုရားကိုမကိုးကွယ်ရ။ ငါသည် သင်တို့၏ဘုရားသခင် ထာဝရဘုရားဖြစ်တော်မူတယ်။’ ဆိုတဲ့ ဥစ္စာဖြစ်ပါတယ်။ ယေရှုဘာပြောခဲ့ပါသလဲ? ယေရှုက ‘သင်တို့သည် ကြားနာကြလော့။ အို ဣသရေလအပေါင်းတို့ ငါသည် သင်တို့၏ဘုရားသခင်ထာဝရဘုရား ဖြစ်တော်မူသည်’ ဟုမိန့်တော်မူခဲ့ပါတယ်။ တစ်ဆူတည်း သောဘုရားသခင်ပါ။ သုံးဆူမဟုတ်ပါဘူး။ ခင်ဗျားတို့ သူတို့ကို အဲဒီလိုလုံးဝမပေးမိကြပါစေနှင့်။ ဘယ်ပရောဖက်မှ ဘုရားသုံးဆူရှိတယ်လို့ မပြောခဲ့ကြပါဘူး။ ခင်ဗျားတို့ အဲဒါကို လုံးဝနားမထောင်ကြပါနှင့်။ မဟုတ်ပါဘူး။အဲဒါက ရုပ်တုဆင်းတုကိုးကွယ်သူတို့ နှင့် တစ်ပါးအမျိုးသားတို့ ရှိရာနေရာကနေ ရောက်လာသလိုမျိုးဖြစ်နေပါတယ်။ဟုတ်ပါတယ် ဆရာ။

40 ၄၀။ သတိပြုပါ။ဒါပေမယ့် ဒီလိုလူမျိုးတွေ ရောက်လာကြပါတယ်။ အဲဒါသာမကပါ... အခု ဗျာဒိတ် ၁၁ မှာ ပရောဖက်တွေ ရှိပါ တယ်။ ကျွန်တော်တို့ အဲဒီအကြောင်းတချို့တလေကို ဖတ်ခဲ့ကြပြီးဖြစ်ပါတယ်။ ခင်ဗျားတို့ တိပ်ခွေနဲ့ လေ့လာကြသလိုမျိုးတွေ အဲဒီလိုမျိုးတွေ လုပ်ကြသလိုမျိုး ခင်ဗျားတို့ကို ကျွန်တော်က လေ့လာစေချင်တာဖြစ်ပါတယ်။ သူတို့ဟာလုံးဝအခိုင်အမာ ပရောဖက် တွေကို ပရောဖက်ရဲ့နိမိတ်လက္ခဏာအားဖြင့် သက်သေထူကြတာဖြစ်ပါတယ်။ ဒီနောက်မှ ဣသရေလတို့က အဲဒါကို နားထောင်မှုပြုကြပါမည်။

အခု ခင်ဗျားတို့ထဲမှာကျွန်တော့်ရဲ့ယေဟောဝါ သက်သေခံတွေလည်း ပါပါမည်။ အခု နားလည်ကြပါတယ်။ ဒီ ၁၄၄,၀၀၀ သောလူတွေဟာ သတို့သမီးနဲ့ ဘာတစ်ခုမှ အလုပ်လုပ်ကြမှာမဟုတ်ပါဘူး။ အဲဒါကို အထောက်အတူပြုမည့်ကျမ်းချက်တစ်စုံတစ် ခုမှ ရှိမနေပါဘူး။ မရှိပါဘူး ဆရာ။ သူတို့ကတော့ မဟုတ်ပါဘူး။ သူတို့ကဂျူးတွေဖြစ်ကြပါတယ်။ဒံယေလ၏သတင်း ခုနစ်ဆယ်မှာ ရှိတဲ့ နောက်ဆုံးသုံးနှစ်ခွဲ အချိန်ကာလအတွင်း ရွေးကောက်ခံရတဲ့သူတွေကိုခေါ်ထုတ်မှုပြုပါမည်။ အခု၊ အဲဒါက...ဒီအကြောင်း အရာပေါ်မှာကိုးကားထားတဲ့အရာကို ကျွန်တော်သိမ်းထားတာရှိပါတယ်။ ဒီနေရာမှာရှိနေတဲ့ ခင်ဗျားတို့အားလုံးဆီတော့သိပ်အ များကြီးမရောက်သေးပါ။ ဒါပေမယ့် ခင်ဗျားတို့ကြည့်ပါ။ လူတွေက...ဒီတိပ်ခွေတွေဟာ နေရာတကာသို့ရောက်ရှိသွားပါတယ်။ ကြည့်ပါ။ ခင်ဗျားတို့အဲဒါကို နားလည်ထားကြပါ။ ကျွန်တော်ကိုးကားထားတဲ့မှတ်ချက်ကိုခင်ဗျားတို့ပြန်နားထောင်ကြပါ။ အဲဒါက အဲဒီရည်ရွယ်ချက်အတွက်ဖြစ်ပါတယ်။

41 ၄၁။ သတိပြုပါ။အခုကြည့်ပါ့ူ သူတို့ ဘယ်လိုမျက်စိမမြင်ဘဲ ရှိနေကြပါသလဲ။...သူတို့ ဘယ်လိုမြင်ခဲ့ကြတယ်ဆိုတာကိုခင်ဗျားတို့ မြင်ပါသလား? ယေရှုက....ယေရှုကို အသိမှတ်ပြုစေခြင်းမှသူတို့ကို ကွယ်ကာစောင့်ရှောက်ဖို့ရာ ဘုရားသခင်က ဂျူးတွေကို မျက်စိကွယ်ထားခဲ့တာ မဟုတ်ဘူးလား? တစ်ကယ်လို့ သူတို့သိမယ်ဆိုရင် ...အဲဒီလိုဖြစ်တယ်ဆိုတာကိုသာသူတို့သိ မယ်ဆိုရင်...ကိုယ်တော်အမှုပြုတော်မူခဲ့တဲ့ နိမိတ်လက္ခဏာကို ကြည့်ကြပါ။ သူတို့ဟာသူတို့ရဲ့ မှန်တယ်ဆိုတဲ့ အခြေအနေမှာ ရှိ နေကြတယ်ဆိုရင်__သူတို့ဟာ ပညတ်တရားအောက်ကနေ ဘုရားသခင် သူတို့ကိုမိန့်တော်မူခဲ့တယ်ဆိုတဲ့ပရောဖက်တစ် ယောက်အကြောင်းဆီကိုသာ ပြန်ရောက်သွားကြပါမည်။ပြီးတော့ ထိုသို့ အမှုပြုခဲ့တဲ့ယေရှုကို သူတို့မြင်တွေ့ခဲ့ကြပြီးဖြစ်ပါတယ်။ သူတို့က ‘အဲဒီသူက မေရှိယဘဲ’ လို့ဆိုခဲ့ကြဘူးပါသည်။ အဲဒါ ဘာကြောင့်ပါလဲ?

42 ၄၂။ ထိုခေတ်ကာလ၌ရှိသောသူတို့၏အမည်နာမကို သိုးသူငယ်၏အသက်စာစောင်ထဲမှာ ရေးသားထားတော်မူပါတယ်။ သူ့ရဲ့ တပည့်တွေနဲ့ထိုသို့သောသူတွေပါဝင်ပါမည်။ အဲဒါကို သူတို့မြင်ခဲ့ကြပါမည်။ အဲဒါကို အသိမှတ်ပြုခဲ့ကြပါတယ်။ဘာကြောင့် ကျန်တဲ့သူတွေကတော့ အသိမှတ်မပြုခဲ့ပါသလဲ? မြင်လား?သူတို့ဟာ မျက်စိကွယ်နေကြလို့ဖြစ်ပါတယ်။ သူတို့အဲဒါကို မမြင်နိုင် ကြလို့ပါ။ အခုထိသူတို့ အဲဒါကိုမမြင်ကြပါဘူး။ တစ်ချိန်မှာ သူဟာနိုင်ငံတစ်နိုင်ငံလို ပေါက်ဖွားမလာခင်အချိန်ထိအဲဒီအကြောင်း သူတို့ တွေ့ရမှာမဟုတ်ပါဘူး။ နှုတ်ကပတ်တော်က ကျဆုံးခြင်းမရှိနိုင်ပါဘူး။မှတ်ထားပါ။ နှုတ်ကပတ်တော်က ကျဆုံးခြင်းမရှိ ပါဘူး။ ခင်ဗျားတို့မှာ

ဘယ်လောက်ဘဲ ခံစားလို့ရနိုင်တယ်ဘဲပြောပြောကျွန်တော်ဂရုမစိုက်ပါဘူး။ပြီးတော့ အားလုံးဟာ ဖြစ်ပျက်နေတာပါပဲ။ အခုအချိန်ထိ၊ နှုတ်ကပတ်တော်ကကျဆုံးခြင်းမရှိနိုင်ပါဘူး။ အဲဒါက ဘုရားသခင်မိန့်တော်မူတဲ့အတိုင်း အတိအကျဖြစ်လာမည့်အရာဖြစ်ပါတယ်။ ကြည့်ပါ။

43 ၄၃။ အခုဒီကိစ္စတွေက ဖြစ်ကိုဖြစ်ရမယ့်အရာတွေကို ကျွန်တော်တို့ နားလည်သဘောပေါက်ထားကြပါတယ်။ အဲဒါကယေရှု ကိုယ်တော်ကိုယ်တိုင် ပရောဖက်ဖြစ်တယ်ဆိုတာကို ပြည့်စုံစွာ သက်သေပြထူတဲ့အချိန်သူတို့လက်မခံခဲ့ကြတဲ့ အကြောင်းအရင်း ဖြစ်ပါတယ်။ အဲဒီရေတွင်းမှာ မတ်တပ်ရပ်နေတဲ့ ရှမာရိအမျိုးသမီးလေးကတောင်… ကိုယ်တော်ဟာ ရှမာရိမြို့မှာ နေတာမဟုတ်ပါ ဘူး။ ကိုယ်တော်ဟာ ချက်ချင်းရောက်သွားခဲ့ပါတယ်။ကိုယ်တော်က အဲဒီအတိုင်းသွားဖို့ လိုတယ်လို့ ပြောခဲ့ပါတယ်။ ပြီးတော့ အဲဒီ နေရာကို ကိုယ်တော်ရောက်သွားခဲ့ပါတယ်။အဲ့နေရာမှာ အဲဒီအမျိုးသမီးလေးရှိနေတာဖြစ်ပါတယ်။ သူမဟာ သူမနေတဲ့ပြည်နယ် မှာပဲရှိနေတာဖြစ်ပါတယ်။သူမဟာ ထိုနေ့ရက်ကာလ၌ရှိသော ယဇ်ပုရောဟိတ်တို့နှင့် ထိုကိစ္စများထက်ကို ဧဝံဂလိတရားကိုလက် ခံရာ၌ ပိုမိုသာလွန်သော အသွင်အပြင်ကို ဆောင်ခဲ့သူဖြစ်ပါတယ်။ အတိအကျပါပဲ။ အခု ကြည့်ပါ။ဒါပေမယ့် သူတို့ရဲ့ငြင်းပယ်မှု တွေ အားလုံး၏ ရှေ့မှောက်၌ပင်သူတို့ရဲ့ ဂုဏ်အသရေရှိလူကြီးမင်းတွေထဲက တစ်ယောက်ယောက်တော့ ကိုယ်တော်ကို ဘုရား သခင်စေလွှတ်တော်မူသောသွန်သင်သူတစ်ယောက်အဖြစ် ဝန်ခံမှုပြုတာရှိပါတယ်။

44 ၄၄။ တောင်ပိုင်းပြည်နယ်များကသိပ်တော်တဲ့ခေါင်းဆောင်တွေထဲကတစ်ယောက်နဲ့ ကျွန်တော်စကားပြောခဲ့ဖူးပါတယ်။ မကြာ သေးခင်က သူ့ရုံးမှာဖြစ်ပါတယ်။ Louisiville မှာတော့ သိပ်ကိုတော်တဲ့ကျွမ်းကျင်သူတစ်ယောက် တကယ်ကို သတ္တိရှိတဲ့သူတစ် ယောက်ဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်သူ့ကို ပြောခဲ့တာရှိပါတယ်။ ကျွန်တော်ပြောခဲ့တာရှိပါတယ်။ 'ဒေါက်တာ ဆရာကို ကျွန် တော်မေးခွန်းတစ်ခုမေးချင်ပါတယ်။' ဆိုပြီးတော့ပါ။

သူက 'ဟုတ်ပြီ။' လို့ ပြောပါတယ်။

ကျွန်တော 'ခင်ဗျားတို့ ဆေးပညာဆိုင်ရာအမှတ်အသားကိုကျွန်တော်သတိထားမိတာရှိပါတယ်။ တိုင်ဖြစ်တယ်။ ခင် ဗျားတို့မှာ တိုင်ကို မြွေပတ်ထားတဲ့သင်္ကေတရှိတယ်။ အဲဒါက ဘယ်လိုရပ်တည်ချက်အတွက် ဖြစ်ပါသလဲ?' လို့ မေးခဲ့ပါတယ်။

သူက 'ကျွန်တော် မသိပါ။' လို့ ဖြေပါတယ်။

ကျွန်တော်က 'အဲဒါက ဒီလိုရပ်တည်ချက်အတွက် ဖြစ်တယ်။ အဲဒါဟာမောရှေတောထဲမှာ ကြေးဝါမြွေကိုစိုက်ထူပြီး အနာ ရောဂါပျောက်စေခဲ့တဲ့ အမှတ်အသားတစ်ခုပဲဖြစ်တယ်။ ကြည့်ပါ။ အဲဒါက တစ်ခုသောသင်္ကေတဖြစ်ပါတယ်။တစ်ခုတည်းသော စစ်မှန်တဲ့ ခရစ်တော်၏အမှတ်အသားတစ်ခုဖြစ်ပါတယ်။' လို့ ပြောပြခဲ့ပါတယ်။ အခု ဒီကနေ ဆေးဝါးဆိုတာကအနာရောဂါငြိမ်း ခြင်း၏ သင်္ကေတတစ်ခုဖြစ်ပါတယ်။ ပြီးတော့ လူတွေအများကြီးက မယုံကြည်ကြပေမယ့်တကယ့်ကို စစ်မှန်တဲ့ ဆရာဝန်ကောင်း တွေကတော့အဲဒါကို ယုံကြည်ကြပါတယ်။ ဒါပေမယ့် တချို့လူတွေက မယုံကြည်ကြပေမယ့် အလွန်တရာအင်အားကြီးသောဘု ရားသခင်၏ တန်ခိုးကို သက်သေထူဖို့ ဆွဲကိုင်ထားကြရသည့် အလွန်တရာသော အမှတ်အသားပြုမှုဖြစ်ပါတယ်။သူတို့ယုံချင်ချင် မယုံချင်ချင်ပါ။ အဲဒါကတော့ အမှန်ပါ။ ဆေးပညာဆိုင်ရာအမှတ်အသားဆိုတဲ့အရာပေါ်မှာကြေးဝါမြွေတစ်ကောင်ချိတ်ဆွဲထား တာရှိပါတယ်။

45 ၄၅။ အခုဒီဂျူးတွေကို သတိပြုပါ။ အခု မမြင်ရဘူးဆိုတဲ့ အတိုင်းအတာသတ်မှတ်ချက်တွေဟာ ဒီလူတွေရဲ့မျက်စိအပေါ်မှာပဲမူတည်နေတာဖြစ်ပါတယ်။ သူတို့က အဲဒါကို အထောက်အကူမပြုနိုင်ပါဘူး။ အဲဒါက အဲ့မှာရှိနေပြီးဘုရားသခင်က အဲဒါကို အဲဒီမှာ ထားခဲ့တာဖြစ်ပါတယ်။ သူတို့ကို ကတိပြုခဲ့တဲ့ ဒီပရောဖက်ရောက်လာရမယ့်ခေတ်ကာလအထိ သူတို့ဟာ အဲဒီလိုဖြစ်နေကြဦးမှာ ပါ။ ခင်ဗျားတို့က သာသနာလုပ်ငန်းတွေကို စေလွှတ်လို့ရနိုင်ပါတယ်။ခင်ဗျားတို့ လိုချင်တာမှန်သမျှ ဘာကိုမဆို ခင်ဗျားတို့လုပ်နိုင် ကြပါတယ်။ ဒီပရောဖက်တွေဇာတ်ခုံပေါ်ရောက်လာတဲ့အချိန်ကျမှ ဣသရေလတွေဟာ ပြောင်းလဲကြမှာဖြစ်ပါတယ်။ အဲဒါက တစ် ပါးအမျိုးသားအသင်းတော်ချီဆောင်ခြင်းခံရပြီးနောက်မှာသာ ဖြစ်လာပါလိမ့်မည်။ ခြသေ့်၏ခေါ်ဆိုမှုကို နွားထီးခေတ်ကအခေါ်ခံရ တာမျိုးထက် ပိုစရာအကြောင်းကို ရှိမနေတာပါ။ နွားထီးဝိညာဉ်ပြီးသွားပြီဆိုတာကိုဘုရားသခင်က သူ့နှုတ်ကပတ်တော်မှာ မိန့် တော်မူထားတာရှိပါတယ်။ပြုပြင်ရေးခေတ်ကာလကို ရောက်တာပဲဖြစ်ပါတယ်။ လူပြီးပြီဆိုတာရှိပါမည်။ တွေ့လား? ခင်ဗျားတို့ အ ခု… အဲဒီလို တစ်ခုတည်းသောအရာကို သူတို့လက်ခံနိုင်ကြပါတယ်။ အခု အဲဒီမှာသူတို့မျက်စိမမြင်ဘဲ ရှိနေကြပါတယ်။ အဲဒါက အဲဒီမှာ အကုန်လုံးဖြစ်နေကြတာတွေပါပဲ။

အခု သတိပြုပါ။တစ်ပါးအမျိုးသားတို့နှင့် အလုပ်လုပ်မည့်ခေတ်ကာလရောက်လာရပါမည်။ အဲ့မှာ သစ်ပင်တစ်ပင်ရှိပါတယ်။ အမြစ်ကတော့ ဂျူးပါ။ အဲဒါကို ဖြတ်တောက်ပစ်ပြီး အဲ့မှာ ကိုင်းကူးကိုင်းဆက်လုပ်လိုက်ပါမည်။သံလွင်ပင်အရိုင်းကိုပါ။ အဲ ဒါက အဲဒီလိုအသီးကို သီးမှာဖြစ်ပါတယ်။ အခု အဲဒီတစ်ပါးအမျိုးသားသတို့သမီးကို ဖြတ်လိုက်ပြီး (ကျွန်တော်က အဲဒီသတို့သမီး သစ်ပင်ကို ပြောဆိုနေခြင်းဖြစ်ပါတယ်။)ဘုရားသခင်ရှိတဲ့နေရာကို အခေါ်ခံရမည့်သူဖြစ်ပါတယ်။ ဘုရားသခင်က တစ်ပါးအမျိုး သားမယုံကြည်သူတွေကိုဒီကိုကျော်ပြီး ဟိုးရောက်အောင် မောင်းထုတ်ပစ်တော်မူပါမည်။ (အိပ်ပျော်နေတဲ့ အပျိုမကိုပါ။)ပြီးတော့ ပြန်ပြီး ကိုင်းကူးကိုင်းဆက်လုပ်ပါမည်။ ကိုယ်တော်က ထိုသို့အမှုပြုမည်ဟု ကတိပြုတော်မူခဲ့ပါတယ်။အဲဒီအချိန်ရောက်တဲ့အထိ ခင်ဗျားတို့အခု ဘယ်နေရာရောက်နေသလဲဆိုတာကို သိကြရပါမည်… ခင်ဗျားတို့ ဘယ်နေရာကို သွားနေကြသလဲဆိုတာကိုသိရင် ခင်ဗျားတို့ကောင်းပါသည်။ မှန်ပါမည်။ တကယ်လို့ ခင်ဗျားတို့ မသိဘူးဆိုရင်တော့ ဘာဖြစ်နေသလဲဆိုရင်အမှောင်ထဲမှာ ခင်ဗျား တို့ ဒယိမ်းဒယိုင် လမ်းလျှောက်နေကြတာဖြစ်ပါတယ်။

46 ၄၆။ အခုအဲဒီအချိန်မှာ ဂျူးတွေဟာ ပြောင်းလဲကြရမှာဖြစ်ပါတယ်။ အဲဒီအချိန်အတောအတွင်းမှာ ဖြစ်ပါတယ်။အခု… အသင်း တော်ခေတ်ကာလကဲ့သို့ ဘိသိက်ပြုခြင်းနဲ့ဆိုင်တဲ့ ကတိတော်၏ တန်ခိုးအောက်ကနေ သူတို့ဟာခရစ်တော်ကို လက်ခံမှုပြုကြပါ လိမ့်မည်။

ဒါပေမယ့် အခုတော့ တစ်ပါးအမျိုးသားတွေဟာ အဲဒီအချိန်အတွင်းမရောက်ကြသေးပါ။

အခု ကျွန်တော်တို့ဟာဗျာဒိတ်ကျမ်း အခန်းကြီး ၁၁ မှာ ဟောပြောထားတဲ့ ဒီပရောဖက်နှစ်ပါးဆိုတဲ့ သတင်းစကားတစ်ခုကိုတော့ ကြည့်လို့ရပါတယ်။ အခု သူတို့ ဘာဆက်လုပ်နေကြလဲဆိုတာ ခင်ဗျားတို့ ရှင်းရှင်းလင်းလင်းတိတိကျကျတွေ့မြင်နိုင်ပါ တယ်။ ကျန်ရစ်မယ့်လူတွေ ဒါမှမဟုတ် ကြိုတင်ခွဲခန့်မှတ်သားခြင်းကိုခံရမည့် ၁၄၄,၀၀၀ သောလူတွေအတွက်ကတော့ဘုရားသ ခင်၏တံဆိပ်ကို လက်ခံမှုပြုကြပါမည်။

47 ၄၇။ အခုဖတ်ကြပါစို့။ အခု သေသေချာချာနားထောင်ပါ။ အခု ခင်ဗျားတို့ ဖတ်လို့ရမယ်ဆိုရင် ကျွန်တော်ခင်ဗျားတို့ကိုဖတ် ကြည့်စေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဒီနည်းနည်းလေးမှာ ပြန်ပြီး ရည်ညွှန်းသွားရမှာဖြစ်လို့ပါ။အခန်းကြီး ၇ ပါ။— အခု ဒါက ဆဋ္ဌမမြောက်တံဆိပ်နှင့်သတ္တမမြောက်တံဆိပ်အကြားမှာ ရှိတဲ့အရာပါ။

... ထိုနောက်မှ...

... ထိုနောက်မှ... ဒီလိုတံဆိပ်တွေရှိပါတယ်။ ဒီဆဋ္ဌမမြောက်တံဆိပ်ကို ဖြေချခဲ့ပြီးဖြစ်ပါတယ်။အဲဒါက ဘေးဒဏ်ကြီးကာလဖြစ်ပါ သည်။ အခုလူတိုင်း အဲဒါကိုနားလည်တယ်နော်? ဆဋ္ဌမမြောက်တံဆိပ်ကိုဖြေချခဲ့ပြီး ဘေးဒဏ်ကြီးကာလကိုရောက်ပြီဖြစ်ပါတယ်။ ဒီကိစ္စနောက်ပိုင်းကို ကြည့်ပါ။

(၁) ထို့နောက်မှမြေကြီး၊ ပင်လယ်၊ သစ်ပင်များတို့၌ လေမလာစေခြင်းငှါ ကောင်းကင်တမန်လေးပါးတို့သည် မြေ၏လေးမျက်နှာလေတို့ကိုတိုင်၍ မြေလေးမျက်နှာ၌ရပ်နေသည်ကို ငါမြင်၏။ [ကောင်းကင်တမန်လေးပါးဖြစ်ပါတယ်](၂) အသက်ရှင်တော်မူသော ဘုရားသခင်၏တံဆိပ်ပါသော ကောင်းကင်တမန်တစ်ပါးသည် အရှေ့မျက်နှာကတက်လာသည်ကို ငါမြင်၏။ သူသည်လည်း မြေ နှင့်ပင်လယ်ကို ညှင်းဆဲရသောအခွင့်ရှိသော ကောင်းကင်တမန်လေးပါးကိုအသံလွှင့်၍ (၃) ငါတို့ ဘုရားသခင်၏ ကျွန်တို့ကို နဖူး၌ တံဆိပ်မခတ်မီတိုင်အောင် (သတို့သမီးမဟုတ်ပါဘူး။ကျွန်တွေဖြစ်ပါတယ်။ သားသမီးမဟုတ်တဲ့ ကျွန်တွေဖြစ်ပါတယ်။ ဣသရေ လတွေဟာ အမြဲတမ်းဘုရားသခင်၏ကျွန်တွေဖြစ်ခဲ့ကြပါတယ်။ အသင်းတော်ကတော့ သားသမီးဖြစ်တယ်ဆိုတာကို ကြည့်ကြပါ။ မွေးဖွားခြင်းကိုခံယူကြောင့် ဖြစ်ပါတယ်။ ဣသရေလတွေဟာကိုယ်တော်ရှင်ရဲ့ကျွန်တွေ ဖြစ်ကြပါတယ်။ စောင့်ကြည့်ပါ။ နေရာတိုင်းမှာ အဲဒါကို အမြဲလိုလိုပါပဲ... အာဗြဟံက ကိုယ်တော်ရဲ့ကျွန်ဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ကျွန်မဟုတ်ကြပါ ဘူး။ ကျွန်တော်တို့က သားသမီးတွေ၊ သားတွေ၊ မြေးတွေ ဖြစ်ကြပါတယ်။) မြေ၊ပင်လယ်၊ သစ်ပင်တို့ကို မညှင်းဆဲပါနှင့်ဟု ကြီးစွာ သောအသံနှင့် ကြွေးကြော်လေ၏။ [အခုစောင့်ကြည့်ပါ။ ကျွန့်ပ်တို့ရဲ့ဘုရားသခင်ဟာ သူတို့ရဲ့နဖူးမှာ တံဆိပ်ခတ်တော်မူ ခြင်းဖြစ်ပါတယ်](၄) တံဆိပ်ခတ်ခြင်းကို ခံရသောသူအရေအတွက်ကို ငါကြား၍ [အခုအဲဒါကိုဖတ်တာကို ခင်ဗျားတို့ကိုကျွန်တော် သေသေချာချာနားထောင်စေချင်ပါတယ်။]ဣသရေလအမျိုးသားတို့၌ အသီးသီးသော အမျိုးအနွယ်ထဲက လူတစ်သိန်းလေး သောင်းလေးထောင်တို့သည် တံဆိပ်ခတ်ခြင်းကို ခံရကြ၏။

48 ၄၈။ သူကသူတို့ကိုပြီးပြည့်စုံစွာဖြင့် အမည်နာမတွေကို သတ်မှတ်ထားတာဖြစ်ပါတယ်။ အခုတကယ်လို့ ဒီမှာပိုင်းခြားနားလည်တတ်တဲ့ ဗြိတိသျှသား အစ္စရေးတစ်ယောက်ထိုင်နေမယ်ဆိုရင် ဒါက လေကို ဘယ်လိုတိုက်စေလဲဆိုတာကိုနားထောင်ကြည့်ပါ။ တွေ့ကြပါမည်။ (၅) ယုဒအမျိုးသားထဲကတစ်သောင်းနှစ်ထောင် [မျိုးနွယ်စုကို ခေါ်ထုတ်တာဖြစ်ပါတယ်။] ရုဗင်အမျိုးထဲက တစ် သောင်းနှစ်ထောင် ဂဒ်အမျိုးထဲက တစ်သောင်းနှစ်ထောင်[အခု ခင်ဗျားတို့ မျိုးနွယ်စုတွေကို ကြည့်နေကြပါ။] (၆) အာရှာအမျိုးထဲ က တစ်သောင်းနှစ်ထောင်၊နဿလိအမျိုးထဲက တစ်သောင်းနှစ်ထောင်၊ မနာရှေအမျိုးထဲက တစ်သောင်းနှစ်ထောင်၊ (၇) ရှိမောင်အမျိုးထဲက တစ်သောင်းနှစ်ထောင်၊ လေဝိအမျိုးထဲက တစ်သောင်းနှစ်ထောင်၊ ဣသခါအမျိုးထဲက တစ်သောင်းနှစ်ထောင်။[အိုင် ဇက်က ကျွန်တော်ထင်ပါတယ်။ အဲဒါကို ခင်ဗျားတို့ အသံထွက်တတ်မှာပေါ့။] (၈) ဇာဗုလုန်အမျိုးထဲကတစ်သောင်းနှစ်ထောင်၊ ယောသပ်အမျိုးထဲက တစ်သောင်းနှစ်ထောင်၊ဗယ်္ယာမိန်အမျိုးထဲက တစ်သောင်းနှစ်ထောင်တို့သည် တံဆိပ်ခတ်ခြင်းကိုခံရကြ၏။

49 ၄၉။ အခုအဲဒီတစ်ဆယ့်နှစ်ရွယ်မှာ လူမျိုးနွယ်စုတစ်စုဆီက တစ်သောင်းနှစ်ထောင်ထွက်လာပါတယ်။ ဆယ့်နှစ်ဆယ့်နှလီဆို ရင် ဘာဖြစ်ပါသနည်း?၁၄၄,၀၀၀ ဖြစ်ပါတယ်။အခု ကြည့်ပါ။ သူတို့အားလုံးဟာ ဣသရေလတို့၏ မျိုးနွယ်စုအားလုံး ပါပါသည်။ အခု စောင့်ကြည့်ကြပါ။ဒါပြီးသွားတော့ အခုဒီလို အခြားအုပ်စုတစ်စုဆီသို့ ရောက်ရှိလာပါတယ်။ အခု သတို့သမီး၏ချီဆောင်ခံရခြင်းအကြောင်းရှိပါတယ်။ အဲဒါကို ကျွန်တော်တို့ သိကြပါတယ်။ ဒါပေမယ့် ဒီအုပ်စုပေါ်လာတာကိုစောင့်ကြည့်နေပါ။

(၉) ထိုနောက်မှငါကြည့်လျှင် အသီးသီးဘာသာစကားကိုပြောသော လူအမျိုးအနွယ်ခပ်သိမ်းတို့အထဲမှ ထွက်၍ အဘယ်မျှမရေတွက်နိုင်သောလူများအပေါင်းတို့သည် ဖြူသောဝတ်လုံကိုဝတ်ဆင်လျက် စွန်ဖလွံခက်ကိုကိုင်လျက်ပလ္လင်တော်ရှေ့ သိုးသငယ် ရှေ့မှာ ရပ်နေကြ၏။(၁၀) သူတို့ကလည်း ပလ္လင်ပေါ်မှာ ထိုင်တော်မူသော ငါတို့၏ဘုရားသခင်နှင့် သိုးသူငယ်သည်ကယ်တင် တော်မူခြင်း ချမ်းသာရှိတော်မူစေသတည်းဟုကြီးသောအသံနှင့် ကြွေးကြော်ကြ၏။ (၁၁) ပလ္လင်တော်မှစသော အသက်ကြီးသူတို့ နှင့် သတ္တဝါလေးပါး၏ဝန်းကျင်၌ရပ်နေသောကောင်းကင်တမန်အပေါင်းတို့သည် ပလ္လင်တော်ရှေ့မှာ ပြပ်ဝပ်၍ ဘုရားသခင်ကို ကိုး ကွယ်လျက်(၁၂) အာမင်။ ငါတို့၏ဘုရားသခင်သည် ကမ္ဘာအဆက်ဆက် ကောင်းချီးမင်္ဂလာ၊ ဘုန်း၊ ပညာနှင့်တကွကျေးဇူးချီးမွမ်း ခြင်း၊ ဂုဏ်အသရေ၊ တန်ခိုးသတ္တိရှိတော်မူစေသတည်း။ အာမင်ဟု ပြောဆိုကြ၏။(၁၃) အသက်ကြီးသူတစ်ပါးကလည်း ဖြူသော ဝတ်လုံကို ဝတ်ဆင်သော ဤသူတို့သည် အဘယ်သူနည်း။ အဘယ်အရပ်ကလာကြသနည်းဟု ငါ့အားမေးမြန်းလျှင်-

50 ၅၀။ အခုယောဟန်က ဂျူးတစ်ယောက်ဖြစ်ပါတယ်။ သူ့လူအရင်းတွေကို အသိအမှတ်ပြုထားတာဖြစ်ပါတယ်။ သူတို့ဟာမျိုး နွယ်စုဆိုတဲ့ပုံစံ၌ သူတို့ကို သူမြင်ခဲ့ရတာဖြစ်ပါတယ်။ အဲဒါဟုတ်လား? သူဟာ အသိအမှတ်ပြုပေးခဲ့ပါတယ်။ မျိုးနွယ်တစ်မျိုးချင်းစီကို

ခေါ်ထုတ်ပေးခဲ့ပါတယ်။ ဒါပေမယ့် အခု ဒီလူတွေကို သူတွေ့တဲ့အခါ သူ့မှာ ပဟေဠိဖြစ်နေရပုံပေါက်ပါတယ်။အသက်ကြီးသူတို့ က အဲဒါကို သိကြပါတယ်။ ဒါကြောင့် သူဟာ 'ဒီဝတ်လုံဖြူကို ဝတ်ဆင်ထားတဲ့လူတွေဟာ ဘယ်သူတွေလဲ? သူတို့ ဘယ်အချိန်က ရောက်လာကြတာလဲ?' ဟု မေးခဲ့ပါတယ်။ [ယောဟန်က အခုအဖြေပေးခဲ့ပါမည်။]

(၁၄) ငါက သခင်ကိုယ်တော်သိပါ၏ဟု ပြန်လျှောက်၏။ [ယောဟန်က သူတို့ကို မသိဘူးဆိုတာကို တွေ့ရပါတယ်။ အမျိုးစုံပြီးဘာသာစကားတွေလွဲပြီး နိုင်ငံအနှံ့က ဖြစ်နေကြလို့ပါ။] သူကလည်း ဤသူတို့သည် ကြီးစွာသောဆင်းရဲဒုက္ခအထဲကထွက်မြောက် ၍ [တစ်နည်းအားဖြင့် ကြီးစွာသော ဘေးဒဏ်ကြီးကို ခံရတာဖြစ်ပါတယ်။] မိမိတို့ဝတ်စုံကိုသိုးသူငယ်၏အသွေး၌ လျှော်၍ဖြူစေ သောသူဖြစ်ကြသတည်း။(၁၅) ထို့ကြောင့် ဘုရားသခင်၏ ပလ္လင်တော်ရှေ့မှာ နေရာကိုရ၍ ဗိမာန်တော်၌ ဘုရားဝတ်ကိုနေ့ညဉ့်မပြတ်ပြုရကြ၏။ ပလ္လင်ပေါ်မှာ ထိုင်တော်မူသောသူသည် သူတို့တွင် ကျိန်းဝပ်တော်မူမည်။ (၁၆)သူတို့သည် နောက်တစ်ဖန်ရေစာ ကိုမငတ်မွတ်ရကြ။ နေရောင်ခြည်အလျှင်းမထိရ။ အဘယ်အပူကိုမျှမခံရကြ။(၁၇) အကြောင်းမူကား ပလ္လင်တော်အတွင်း၌ရှိသော သိုးသူငယ်သည် သူတို့ကိုလုပ်ကျွေး၍ အသက်စမ်းရေတွင်းသို့လမ်းပြလိမ့်မည်။ ဘုရားသခင်သည်လည်း သူတို့မျက်စိ၌ မျက်ရည် ရှိသမျှတို့ကို သုတ်တော်မူမည်ဟုဆိုလေ၏။

51 ၅၁။ အခုကျွန်တော်တို့ ဖွင့်ကြပါ... တံဆိပ်ရောက်တဲ့အထိကိုပါ။ ခင်ဗျားတို့ သတိပြုမိပါသလား။သူတို့ဟာ... အခု ပထမတစ်ခု နဲ့ ကျွန်တော်တို့ အစပြုကြပါမည်။ဒီနောက် ကျွန်တော်တို့ဟာ အသင်းတော်ကို စင်ကြယ်စေသောအရာကို မြင်ရကြပါမည်။ သတို့ သမီးမဟုတ်ပါ။ ဒီလို ဘေးဒဏ်ကြီးကာလရောက်လာခြင်းအားဖြင့် အသင်းတော်ကို ဆေးကြောသန့်စင်မှုပြုမှာဖြစ်ပါတယ်— ကြီးစွာသောဒုက္ခဆင်းရဲခြင်းဘေးကိုခံရခြင်းမှ မြောက်များစွာသော စစ်မှန်သည့်နှလုံးသားရှိသူတို့ ထွက်ပေါ်လာမှာဖြစ်ပါတယ်။ အသင်းတော်မဟုတ်ပါဘူး။ အဲဒါကရုတ်သိမ်းသွားပါပြီ။ သတို့သမီးဖြစ်ပါတယ်။ အဲဒါကတော့ အသင်းတော်ပါ။

အခု မကြာခင်မှာပဲကျွန်တော်တို့ ရှာတွေ့ကြရပါမည်။ ပလ္လင်မှာနေရာကျ၍ သူတို့— တစ်ယောက်ချင်းစီဟာ ပလ္လင်ရှေ့၌မည်သို့မည်ဖုံရပ်ကြရမယ်ဆိုတဲ့အကြောင်း ယေရှုမိန့်တော်မူခဲ့ပါတယ်။ အခု ကျွန်တော်တို့ဒီလူတွေ အသက်ရှင်သောဘုရားသခင် ၏ တံဆိပ်ဖြင့် တံဆိပ်ခတ်နှိပ်ခံရကြောင်းကို ရှာတွေ့ကြရပါတယ်။(အဲဒါ ဟုတ်ပါသလား?) ဒီဂျူးတွေရှိပါတယ်။

အသက်ရှင်သောဘုရားသခင်၏တံဆိပ်က ဘာဖြစ်ပါသလဲ?အခု ကျွန်တော်ဘာလို့ ခေါ်လိုက်တာမရှိပါဘူး...ဘယ်လို နာနာကျင်ကျင်ခံစားသွားရအောင် ပြောလိုက်တာမဟုတ်ပါဘူး။ ကျွန်တော်အခု အဲဒါကိုပြောနေတယ်ဆိုတာကိုမြင်ပါသလား? ကျမ်းသမားအများကြီးကဒီအပေါ်မှာရေးသားထားသည့် ဒီမှာရှိတဲ့ဒီလူစုက အသွေးနဲ့ဆေးကြောခံရသူကို ခင်ဗျားတို့သိကြပါသလား? အမှန်တစ်ကယ် သတို့သမီးကဘာဖြစ်ပါသနည်း? ကျမ်းစာသမားအများကြီးက၁၄၄၀၀၀ သောသူတွေဟာ သတို့သမီး ဖြစ်တယ်လို့ဘဲ ကြေငြာထားတာကို ခင်ဗျားတို့သိကြပါသလား? ဘာက....ဒီမှာတစ်ခုခုကအမှားကိုထွက်လာစေပါတယ်။ ဒီမှာ အမှန်က ဘာဖြစ်လို့လဲဆိုရင် အခု၊ တစ်ခုခုမှားနေလို့ဘဲဖြစ်ပါတယ်။

52 ၅၂။ သတိပြုပါ။ကျွန်တော်တို့ရဲ့အက်ဗင်းတစ်(စ်)ဂိုဏ်းက ညီအကိုတွေကတော့ ဘုရားသခင်၏တံဆိပ်ဆိုတာဟာ ဥပုသ်နေ့ကို စောင့်ရှောက်ခြင်းဖြစ်တယ်လို့ ပြောကြပါတယ်။အဲဒါကို ခင်ဗျားတို့သိပါတယ်။ ဒါပေမယ့် အဲဒီအပေါ်မှာ နှုတ်ကပတ် တော်၏ အမှတ်စက် တစ်ခုကို ကျွန်တော်လိုချင်ပါတယ်။ဥပုသ်နေ့ကိုစောင့်ထိန်းခြင်းက ဘုရားသခင်၏ တံဆိပ်ဖြစ်တယ်ဆိုတာ ကို ပြသဖို့အတွက်ဖြစ်ပါတယ်။ ကြည့်ပါ။ အဲဒါက၊ အခု....တစ်ယောက်ယောက်က အဲဒီအတွေးအခေါ်ကို ဆွဲယူထားတာဖြစ်တယ်။ဒါပေမယ့် ခင်ဗျားတို့ (ဧဖက်သြဝါဒစာ ၄:၃၀) ကိုဖတ်မိမယ်ဆိုရင်တော့ 'ရွေးနှုတ်ခြင်းနေ့ရက်တိုင်အောင် သင်တို့ကိုတံဆိပ်ခတ် တော်မူသော ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော်ကိုစိတ်မနာကြနှင့်။' လို့ ပြောထားတာရှိပါတယ်။ဟုတ်ပါတယ်၊ ဆရာ။

ကြားကနေ အလုပ်လုပ်ပေးနေတဲ့အချိန်မှာခင်ဗျားတို့လာကြပါ။....ခရစ်တော်ဟာ သူပိုင်ဆိုင်တဲ့လူတွေကို ရွေးနှုတ်ကယ်တင်တော်မူရန် ကြွလာတော်မူပါတယ်။ ခင်ဗျားတို့ဟာ တံဆိပ်ခတ်ခြင်းကို ခံရကြပါတယ်။ နောက်နိုးထမှုရှိလာတဲ့အချိန်ထိ ဖြစ်ပါ တယ်။ ခင်ဗျားတို့ တစ်ချိန်တစ်ခါက သန့်ရှင်းသောဝိညာဉ်တော်နှင့်တံဆိပ်ခတ်လိုက်ခြင်းက ဘုရားသခင်ကခင်ဗျားကို လက်ခံ ပြီဆိုပြီး အလုပ်ပြီးသွားခဲ့တာဖြစ်ပါတယ်။အဲဒီကနေ အဝေးကြီးကို သွားလို့ရတာမဟုတ်ပါဘူး။ ခင်ဗျားက 'ကောင်းပြီ၊ အဲဒါကို ကျွန်တော်ရပြီ။ အဝေးကြီးကိုရောက်ခဲ့တာပဲ' ဟုပြောပါမည်။မဟုတ်ဘူး။ အဲဒါကို ခင်ဗျားမရခဲ့တာပါ။ ထိုအမှုက ရွေးနှုတ်ခြင်းနေ့ ရက်ကာလသို့ ရောက်မည်ဟုဘုရားသခင်မိန့်တော်မူပါတယ်။ ခင်ဗျားက ကိုယ်တော်နှင့်အတူ ငြင်းခုံနေတာပဲဖြစ်ပါတယ်။ 'သင်တို့၏ရွေးနှုတ်ခြင်း နေ့ရက်ကာလတိုင်အောင်' ဆိုတာရှိပါတယ်။

53 ၅၃။ သတိထားပါ....အဲ့တုန်းကလိုပါ။ ရွေးကောက်တော်မူတယ်ဆိုတဲ့ အရာအတိုင်းသာဆိုရင်သူတို့ဟာ ကျန်တဲ့သူတွေဖြစ် တယ်။... ဒီလူတွေက ဂျူးတွေပါ။အခု ဂျူးတွေဆီရောက်တဲ့ ဧလိယရဲ့ကနဦး၊ အမှုတော်ဆောင်ရာ နေ့ရက်ကာလ၌ ရွေးကောက် တော်မူတယ်ဆိုတဲ့ အရာအတိုင်းသာဆိုရင် ကျန်ကြွင်းနေသူတွေဖြစ်ပါတယ်။ဘုရားသခင်၏လက်တော်ဖြင့် ယုံကြည်သူလူ အယောက် ခုနှစ်ထောင်ကို အဝေးမှာ ကွယ်ကာစောင့်ရှောက်တော်မူတယ်ဆိုတဲ့အရာရှိပါတယ်။ အဲဒီအချိန်၊ အဲဒီသတင်း စကားရှိပါမည်။...သတင်းစကားကို ယုံကြည်ကြရပါမည်။ ၁၄၄၀၀၀ သောသူတို့ရှိပါမည်။

အခု ခင်ဗျားတို့က အို၊အခု တစ်မိနစ်လောက်ပါ။ ညီအကို၊ ဒီရွေးနှုတ်ခံရတဲ့ ကိစ္စအကြောင်းကို ကျွန်တော်တော့ မသိဘူး။ဟုတ်တယ်၊ ကျွန်တော် အဲဒါကို အဲဒီမှာဖတ်ခဲ့ရတာမျိုးမရှိဘူး။ လို့ပြောပါမည်။ ဟုတ်ပါပြီ။အဲဒါကမှန်သလား။ မှားသလား။ ဆိုတာ ကို အခု ကြည့်ကြပါစို့။ မသဲကိုပြန်သွားကြပါစို့။ ဒီကိုဆင်းလာပြီး၊ ဒီတစ်နေရာရာမှာ တစ်ခုခုလေးကို ကျွန်တော်တို့ ရှာလို့တောင် မတွေ့ကြဘူးဆိုရင်တော့တွေ့အောင်ရှာရပါတော့မည်။ ကျွန်တော်ယုံကြည်ပါတယ်။ အခု အဲ့မှာ ကျွန်တော်မှန်တယ်ဆိုတာကိုပါ။(ဒီမှာ အဲဒါကို

ကျွန်တော်ချမရေးထားပါဘူး။ ဒါပေမယ့် အဲဒါက အခု ကျွန်တော့်စိတ်ထဲရောက်လာပါတယ်။)အဆုံးကို ယူကြပါစို့… အခန်းငယ် ၃၀ ပါ။ နောက်ဆုံးညက ကျွန်တော်တို့သွားခဲ့ကြပါတယ်။အခန်းကြီး ၃၀ မှာ ဆဋ္ဌမမြောက်တံဆိပ်ကို အဆုံးသတ်ပါ တယ်။

54 ၅၄။ အခုအဲဒါကို ဖတ်ကြပါစို့။ အခု ဘယ်နေရာမှာလဲဆိုတာ ကြည့်ပါ။ အခန်းငယ် ၃၁ ပါ။ ကြည့်ပါ။ ဘုန်းတန်ခိုးနဲ့ကြွလာတဲ့လူသားကြွလာတာကို သူတို့မြင်ရကြပါတယ်။ အခန်းငယ် ၃၁ ပါ။ မဿဲ ၂၄း၃၁ လူသားသည် မိမိတမန်တို့ကိုစေလွှတ်၍တံပိုးခရာ ကို ပြင်းစွာမှုတ်စေတော်မူသဖြင့် သူတို့သည် ရွေးချယ်တော်မူသောသူတို့ကိုအရပ်လေးမျက်နှာကောင်းကင် အောက်ထက်ဝန်း ကျင်တို့မှ ခေါ်၍စုရုံးကြလတ္တံ့။

55 ၅၅။ ရွေးချယ်ခံရသူတွေထွက်လာကြရပါမည်။ အဲဒါက ဘာဖြစ်ပါသလဲ?__ ဒီနောက် ဘေးဒဏ်ကြီးကာလရှိပါတယ်။ အဲ… ဘုရားသခင်က သူ့ရဲ့ ရွေးကောက်ခံရတဲ့သူတွေကိုခေါ်ဆိုမှုပြုတော်မူပါမည်။ အဲဒီအချိန်အတောအတွင်း အဲဒါက ဂျူးတွေဖြစ်ပါ မည်__ ရွေးကောက်ခံရတဲ့လူတွေဖြစ်ပါတယ်။ကျမ်းစာက အဲ့အကြောင်းကို ပြောထားပါတယ်။ ပေါလုကလည်း အဲ့အကြောင်းကို ပြောပါတယ်။ ရွေးနှုတ်တော်မူခြင်းအတိုင်းအတာဆိုရင်အဲဒါက ၁၄၄,၀၀၀ သောသူဖြစ်ပါမည်။(ရွေးနှုတ်ခြင်းအရနော်) သတင်းစ ကားကို လက်ခံမှုပြုကြပါမည်။ အဲ့မှာ တရားဝင်ကို သန်းနဲ့ချီပြီးထွက်လာကြပါမည်။

အဲ့လို ဧလိယ၏ပရောဖက်ပြုရာနေ့ရက်ကာလ၌ပါကစွတီးမှာ သန်းနဲ့ချီပြီး ထွက်လာကြပါတယ်။ သန်းချီပြီးထွက်လာကြ တဲ့အထဲက အယောက်ခုနစ်ထောင်ကယ်တင်ခြင်းကို ခံကြရပါတယ်။ အခုရွေးနှုတ်ခြင်းအရ သန်းနဲ့ချီတဲ့ဂျူးတွေဟာ မွေးရပ်မြေမှာစုဝေးရတယ်ဆိုတဲ့နေရာ ရှိပါတယ်… အဲဒါက နိုင်ငံတစ်နိုင်ငံဖြစ်လာတာပဲ ဖြစ်ပါတယ်။အဲ့မှာ သန်းနဲ့ချီပြီး ရှိကြပါမည်။ ဒါပေမယ့် ရွေးနှုတ်ခံရတဲ့ ၁၄၄,၀၀၀ သောသူတွေကိုဖြစ်ပွားစေပါမည်။ သူတို့ဟာ သတင်းစကားကို ကြားနာကြရပါမည်။

56 ၅၆။ အဲဒါကတစ်ပါးအမျိုးသားအသင်းတော်မှာလည်းဖြစ်မည့် တူညီသောကိစ္စဖြစ်ပါတယ်။ အဲ့မှာ သတို့သမီးဆိုတဲ့အရာတစ်ခုရှိမယ်။ သူမဟာရွေးနှုတ်ခံရတဲ့သူဖြစ်တယ်။ ရွေးနှုတ်ခြင်းအရ သူ့ကိုလည်းခေါ်ဆိုမှုပြုတော်မူပါမည်။သတိထားပါ။ ဒီအလုံးစုံသော အသင်းတော်ပုံစံတွေက ပြည့်ပြည့်ဝဝကို ရွေးနှုတ်ခံရတဲ့ယုံကြည်သူတွေဖြစ်ကြပါတယ်။ တခြားသူတွေက မယုံကြပါဘူး။ ခင်ဗျား တို့ အခု အဲဒါကို ပြောလို့ရကြပါတယ်။လူတစ်ယောက်ကို အမှန်တရားတစ်ခုကို ခင်ဗျားကပြောပါမည်။ ပြီးရင် အဲဒါကို နှုတ်ကပတ် တော်အားဖြင့် သက်သေပြစေပါ။ ပြီးရင် အဲဒါကို အခိုင်အမာသက်သေထူပြလိုက်ပါ။ 'ကျွန်တော်တော့ အဲဒါကိုမယုံကြည်ဘူး' ဆို တဲ့အရာကိုပါ။

ခင်ဗျားအခုလုပ်နိုင်တာက… အဲဒါနဲ့ထပ်ပြီး အရူးဖြစ်စရာအကြောင်းကို မရှိတာပါ။ ယေရှုက မိန့်တော်မူစရာအကြောင်းမရှိပါဘူး။ 'အဲဒါက စက်ရှေ့မှာပုလဲတွေကို ပစ်ချထားသလိုမျိုးပဲဖြစ်တယ်။' လို့ ပြောဖူးပါတယ်။ 'အခုသူတို့ကိုသီးသန့်ထားလိုက်ပါ။ သူတို့ကို ကျောခိုင်းပြီး ခင်ဗျားကို သူတို့ဖနောင့်နှင့်ပေါက်ကြပါမည်။သူတို့က ခင်ဗျားကို လှောင်ပြောင်ကြပါမည်။ အခုအဝေးကို ထွက်ခွာ၍ သူတို့ကို ကျောခိုင်းထားလိုက်ပါ။အကန်းကို အကန်းက လမ်းပြနေတာဆိုရင်…' လို့ ပြောခဲ့ဖူးပါတယ်။

57 ၅၇။ မကြာသေးခင်ကကျွန်တော်လူတစ်ယောက်ဆီသို့ ရောက်ခဲ့ပါတယ်။ သူက ကျွန်တော့်ဆီကို ရောက်ချင်လည်းရောက်လာပါမည်။ အလုံးစုံသောနေရာအကုန်လုံးမှာ သူဟာ အနာရောဂါငြိမ်းခြင်းကို ဆန့်ကျင်ပြီး ငြင်းခုန်နေတဲ့လူဖြစ်ပါတယ်။သူရောက် လာတော့ သူက 'ခင်ဗျားတို့ရဲ့အနာရောဂါငြိမ်းခြင်းကို ငါမယုံကြည်ဘူး' လို့ ပြောပါတယ်။

ကျွန်တော်က 'ကျွန်တော်ကောင်းတာဘာတစ်ခုမှ ဖြစ်လာစရာအကြောင်းမရှိတာကဘာဖြစ်လို့လဲဆိုရင် ကျွန်တော်ဘာမှ ရထားတာမရှိလို့ ကျွန်တော်ထင်ကြောင်းကို ပြောခဲ့ပါတယ်။ဒါပေမယ့် ဘုရားသခင်ကတော့ ပြည့်စုံခြင်းရှိတယ်။' လို့ ပြောခဲ့ပါ တယ်။ သူက 'အဲဒီလိုကိစ္စတစ်ခုမဟုတ်ဘူး။' လို့ ပြောပါတယ်။

ကျွန်တော်က 'ခင်ဗျား အဲဒါကိုပြောဖို့က သိပ်နောက်ကျသွားပြီဘက်ဒီ။ အဲဒီအတွက် ခင်ဗျားအကြာကြီးစောင့်ခဲ့ဖူးတာပဲ။ ခင်ဗျား နှစ်ကာလအချို့မှာ ငြင်းခုန်မှုပြုကောင်းငြင်းခုန်ခဲ့ပါမည်။ဒါပေမယ့် အခု အခြားသောကာလမှာ__သူသန်းပေါင်းများစွာက အဲဒါကို သက်သေခံစရာအကြောင်း ရှိနေပါတယ်။' ဟုပြောခဲ့ပါတယ်။ ကျွန်တော် 'ခင်ဗျား အခုသိပ်နောက်ကျနေပြီ။ လိုက်ခဲ့ပါ။ အဲဒီလိုပြောစရာအကြောင်းရှိတယ်။' လို့ ပြောခဲ့ပါတယ်။

သူက 'ဟုတ်ပြီ။ အဲဒါကို ကျွန်တော်မယုံကြည်ဘူး။ခင်ဗျား ဘာလုပ်လုပ် ကျွန်တော်ဂရုမစိုက်ဘူး။' လို့ ပြောပါတယ်။

ကျွန်တော်က 'မသေချာဘူး။ ကျွန်တော်ကတော့ မတတ်နိုင်ဘူး။' လို့ပြောခဲ့ပါတယ်။

သူက 'ကျွန်တော့်ကို ကန်းအောင်ရိုက်လိုက်ပါ။' ဟု ပြောပါတယ်။ 'တကယ်လို့ ပေါလုလို့ သန့်ရှင်းသောဝိညာဉ်တော်ကိုခင်ဗျားရထားတယ်ဆိုရင်တော့' လို့ ပြောပါတယ်။ကျွန်တော်က 'ခင်ဗျားက အစကတည်းကကန်းပြီးသားကို ကျွန်တော်က ခင် ဗျားကို အဲ့လိုဖြစ်အောင် ဘယ်လိုလုပ်လို့ရမှာလဲ?' လို့ ပြောခဲ့ပါတယ်။ ကျွန်တော်ကခင်ဗျားအဖေက ခင်ဗျားကို အမှန်မမြင်အောင် လုပ်ထားတာ ' လို့ ပြောခဲ့ပါတယ်။

သူက ကျွန်တော်တော့မယုံဘူး။ခင်ဗျား ဘာလုပ်နိုင်လဲဆိုတာကို ကျွန်တော်မဂရုမစိုက်ဘူး။ ခင်ဗျား အဲဒီလိုဘယ်လောက် ပဲသက်သေပြတာတွေ ဒါမှမဟုတ် ဘာတွေပဲလုပ်လုပ် အဲဒါကို ကျွန်တော်တော့မယုံကြည်ဘူး။ ' ဆိုပြီး ပြောပါတယ်။

ကျွန်တော်က 'သေချာတာပေါ့။ မယုံကြည်သူတွေအတွက်က အဲဒီကရှိနေတာမဟုတ်ပါဘူး။ အဲဒါက ယုံကြည်သူတွေအ တွက်ပဲဖြစ်တယ်။' လို့ပြောခဲ့ပါတယ်။

58 ၅၈။ အဲဒါကဘာဖြစ်ပါသလဲ? ကြည့်ပါ။ ဒီနောက်အမှန်ကို ခင်ဗျားတို့သိကြပါတယ်။ ရွေးနှုတ်ခြင်း၏ပျောက်ပျက်မှုပင် ဖြစ်ပါ တယ်။ အခု အဲဒါနဲ့အကုန်လုံးရှုးနေစရာအကြောင်း မရှိပါဘူး။ ယေရှုက တူညီသောအမှုကို လုပ်ဆောင်တော်မူခဲ့ပါတယ်။ကိုယ် တော်က ‘သူတို့ကို သီးသန့်ထားထားလိုက်။ အကန်းက အကန်းကိုလမ်းပြရင် မြောင်းထဲ သူတို့ပြုတ်ကျမှာ မဟုတ်ဘူးလား?’ လို့ မိန့်တော်မူခဲ့ပါတယ်။ ဒါပေမယ့် ကိုယ်တော်ဟာ မိန်းမပျက်လေးဆီရောက်သွားတဲ့အခါမှာ ထိုအရာက မီးပွင့်သွားခဲ့ပါတယ်။ အဲဒါ ကဘာဖြစ်ပါသလဲ? အဲ့မှာ ရွေးနှုတ်ခံရတဲ့မျိုးစေ့တစ်စေ့ ကျနေတယ်ဆိုတာကိုတွေ့ရပါတယ်။ သူမကတော့ အခု အဲဒါကို အမှန်အ တိုင်း တွေ့မြင်ခဲ့ခြင်းဖြစ်ပါတယ်။

ကိုယ်တော်ဟာပေတရုဆီရောက်သွားခဲ့စဉ်ကလည်း အဲဒီမှာ အဲ့ဒီလို ရွေးချယ်ခံရတဲ့မျိုးစေ့ ကျနေတယ်ဆိုတာကိုမြင်ရပါ တယ်။ သူတို့က ထိုအရာကို တွေ့မြင်ခဲ့ရပါတယ်။ ‘ခပ်သိမ်းသော ခမည်းတော်အဖက ပေးသနားတော်မူတယ်။(ခဲ့တယ်။ အတိတ် ကာလပါ) ငါ့ကို ပေးသနားတော်မူတယ်။ သူတို့ရောက်လာရမည်။ သူတို့ ငါ့ထံသို့ရောက်လာကြရမည်။’ လို့ မိန့်တော်မူခဲ့ပါတယ်။အို ကျွန်တော် အဲဒါကို ကျွန်တော်ချစ်ပါတယ်။ ဟုတ်ပါတယ် ဆရာ။ သတိထားပါ။ ယုံကြည်သူတွေကတော့အဲဒါကို ယုံကြည်ကြပါ တယ်။ မယုံကြည်တဲ့သူတွေကလည်း အဲဒါကို မယုံကြည်ပြန်ပါဘူး။ ဒါကြောင့်အခု မြွေမျိုးစေ့အကြောင်းရယ်၊ အဲ့လိုကိစ္စတွေရယ်၊ သူတို့ကို ခင်ဗျားပြဖို့ ကြိုးစားထားတာတွေကိုအငြင်းအခုန်လုပ်ချင်တဲ့ ဘယ်သူမဆို အဲဒီအကြောင်းကို သူတို့နားထောင်ကြမှာမ ဟုတ်ပါဘူး။အခု အဝေးကို လျှောက်ထွက်သွားလိုက်ပါ။ သူတို့ကို သီးခြားထားလိုက်ပါ။ ကြည့်ပါ။ ဘုရားသခင်ကငြင်းခုန်မှုမပြုပါ ဘူး။ သူ့သားသမီးတွေကလည်း မလုပ်ကြပါဘူး။

59 ၅၉။ သတိထားပါ။ဘုရားသခင်၏ ၁၄၄,၀၀၀ သော ရွေးနှုတ်ခံရတဲ့ဂျူးတွေဟာသားရဲ၏ဂိုဏ်းဂဏအယူဝါဒကို ခေါင်းငုံ့ထား ကြတဲ့သူတွေ မဟုတ်ပါဘူး__ ရုပ်တုတွေနဲ့ ဘာကိုမှခေါင်းငုံ့ကြတာမဟုတ်ပါဘူး။ဒါပေမယ့် သူတို့ရဲ့နိုင်ငံဟာ အဲ့အချိန် အဲဒါနဲ့စာ ချုပ်တစ်ခုချုပ်ဆိုတာရှိပါမည်__ အစ္စရေးတွေဟာ ပဋိညာဉ်တစ်ခုမှာရှိကြရပါတယ်။__ ဒါပေမယ့် ဒီ၁၄၄,၀၀၀ သောသူတွေက အဲဒါကိုဆက်လုပ်ကြမှာမဟုတ်ပါဘူး။ အဲဒါက ရွေးနှုတ်ခံရတဲ့လူတွေဖြစ်ပါတယ်။

ဒီလိုမျိုး အခုတစ်ပါးအမျိုးသားအသင်းတော်ကလည်း အတူတူပဲဖြစ်ပါမည်။ အဲဒါကတော့ ရွေးချယ်ခံရတဲ့အုပ်စုတစ်စုဖြစ်ပါတယ်။ အဲဒီလို သိုသိပ်ထားတဲ့ပုံစံမျိုးကနေ သူတို့ကို ခင်ဗျားတို့ ဆွဲထုတ်လို့ရကြမှာမဟုတ်ပါဘူး။ သူတို့က အဲဒါကို မယုံကြည် ကြပါဘူး။ မယုံပါဘူး ဆရာ။ နောက်တစ်ခါ သူတို့ကိုအလင်းက ရိုက်ခတ်မှုပြုတဲ့အခါမှာတော့ ဒီနောက်မှ အဲဒါက အမှန်တကယ် သက်ရောက်လာပါမည်။ သူတို့မြင်ရတာက... အဲ့လိုဖြစ်တာကို မြင်ကြရပါမည်။ ဒီနောက် အဲဒါက အခိုင်အမာသက်သေထူပြီးအဲဒီ လိုသက်သေပြတာကို မြင်ရပါမည်။ သူတို့ဟာ အဲဒီကျမ်းစာထဲကို ငုံ့ကြည့်ကြပြီး နှုတ်ကပတ်တော်အခုလိုသွားထားတာကို မြင်ကြ ရပါမည်။... ခင်ဗျားတို့ဟာ ကောင်းကောင်းကြီး လုံးလုံးလျားလျားသူတို့နှင့် ရှုးရှုးမူးမူးဖြစ်ချင်လည်း ဖြစ်သွားနိုင်တာ ဘာဖြစ်လို့လဲ ဆိုရင် အဲဒါကိုသူတို့ယုံကြည်လို့ဖြစ်ပါတယ်။ အဲဒါက အားလုံးပါပဲ။ အဲဒါက အကုန်ပါပဲ။ သူတို့ အဲဒါကို မရှင်းပြနိုင်ပေမယ့်အဲဒါကို သူတို့ရတယ်ဆိုတာကိုတော့ သူတို့သိပါတယ်။ ကျွန်တော် ‘အများကြီးတော့ ကျွန်တော်မရှင်းပြနိုင်ဘူး။ဒါပေမယ့် ဘယ်ဟာက အ စစ်အမှန်ဆိုတာကိုတော့ ကျွန်တော်သိတယ်။’ လို့ ပြောခဲ့သလိုမျိုးပါပဲ။

60 ၆၀။ ဟုတ်ပါပြီ။ဆဋ္ဌမမြောက်နဲ့ သတ္တမမြောက်တံဆိပ်အကြားမှာ ကိုယ်တော်က ဒီလူတွေကို ခေါ်ထုတ်မည့်အချိန်ရှိပါတယ်။ မဿဲအခန်းကြီး ၂၄ အခန်းငယ် ၃၁ မှာ ယေရှုမိန့်တော်မူထားတာကို ကျွန်တော်တို့ အခုဖတ်ကြပါမည်။ကြည့်ပါ။ ဒီမှာ တံပိုးတွေရှိ ပါတယ်။... သက်သေခံသူနှစ်ပါးရှိပါတယ်။... တံပိုးတွေအသံမြည်တဲ့အခါ...ဂျူးတွေအတွက် သက်သေခံသူနှစ်ပါး၏ တံပိုးမှုတ်ခြင်း နှင့်ဆိုင်သော ကျေးဇူးတော်ခေတ်ကာလရှိပါတယ်။တံပိုးတစ်လုံးက အသံပေးတာကို__ခင်ဗျားတို့ သတိပြုပါ။ တံပိုးတစ်လုံးအသံ ပေးပါတယ်။ သူက ‘တံပိုးအသံပေးတယ်’ လို့ ပြောပါတယ်။ အခု ဒီ__ ၃၁ ကို ရောက်ပြီဆိုတာသတိပြုပါ။

‘လူသားသည် မိမိတမန်တို့ကိုစေလွှတ်၍ တံပိုးခရာကို (တစ်ယောက်တည်းမဟုတ်ပါဘူး။ နှစ်ယောက်ဖြစ်ပါတယ်။) ပြင်း စွာမှုတ်စေတော်မူသဖြင့်’ အဲဒါက ဘာပါလဲ? ဘုရားသခင်က စကားစပြောဖို့ အဆင်သင့်ဖြစ်အောင်လုပ်တဲ့အခါ အဲ့လိုတံပိုးခရာ တစ်လုံးက အသံမြည်ပါတယ်။ အဲဒါက အမြဲကိုယ်တော်၏အသံတော်ဖြစ်ပါတယ်။တိုက်ပွဲကို ခေါ်ဆိုမှုပြုတယ်ဆိုတာကို မြင်ပါသ လား? ဘုရားသခင်မိန့်တော်မူတာဖြစ်ပါတယ်။ ဒီလိုကောင်းကင်တမန်တွေဟာ တံပိုးခရာကိုမှုတ်ဖို့ရောက်လာကြပါတယ်။ ခင်ဗျား တို့သတိပြုမိပါသလား။ နောက်ဆုံးကောင်းကင်တမန်၏ သတင်းစကား၌ တံပိုးကအသံမြည်ပါတယ်။ ပထမဆုံးကောင်းကင်တမန် ၏သတင်းစကားမှာ တံပိုးခရာတစ်လုံးက အသံမြည်ပါတယ်။ဒုတိယကောင်းကင်တမန်ဆိုရင် တံပိုးတစ်လုံးက အသံမြည်ပါမည်။ သူက အဲဒီလိုစေလွှတ်တဲ့အချိန်မှာဖြစ်တာပါ။

61 ၆၁။ သတိပြုပါ။ဒါပေမယ့် တံဆိပ်များကို ကြေညာမှုပြုစဉ်အခါ သူတို့အားလုံးဟာ ဘုရားသခင်၏အမှုကြီး၌ အုပ်စုလိုက်ခေါ်ထုတ်ခံရမည့် လူတွေဖြစ်ကြပါတယ်။ အဲ့လို တံပိုးတစ်ခုက အသံကိုမေးကာ တံဆိပ်ခုနစ်လုံးကိုဖောက်ပစ်ခဲ့တာဖြစ်ပါတယ်။

သတိထားပါ။ ကောင်းကင်အရပ်လေးမျက်နှာကနေသူ့ရဲ့ရွေးချယ်ခံရသောဂျူးတွေကို စုသိမ်းမှာဖြစ်ပါတယ်... ကျွန်တော် တို့ မြင်ခဲ့ရသလိုပဲ။ ဆဋ္ဌမမြောက်တံဆိပ်ကို သူက ဖော်ပြထားပါတယ်။ဒါပေမယ့် သတ္တမမြောက်တံဆိပ်အကြောင်း ဘယ်နေရာမှာ မှ သူဟာ ဘာတစ်ခုကိုမျှ ပြောထားတာမရှိပါဘူး။ကြည့်ပါ။ အဝေးမှာရှိပါတယ်။ အခန်းငယ် ၃၁ က ရွေးနှုတ်ခံရတဲ့ဂျူးတွေကို ခေါ် ထုတ်မှုပြုတဲ့အချိန်ကာလ၏ပုံဆောင်ချက်တစ်ခုအဖြစ်သို့ ပြောင်းလဲသွားခဲ့ပါတယ်။

62 ၆၂။ အခုဒီနေရာကို စောင့်ကြည့်ကြပါ။ ကြည့်ပါ။ ‘လူသားသည် မိမိတမန်တို့ကိုစေလွှတ်၍ တံပိုးခရာကို ပြင်းစွာမှုတ်စေတော် မူသဖြင့် သူတို့သည် ရွေးချယ်တော်မူသောသူတို့ကိုအရပ်လေးမျက်နှာ၌ ကောင်းကင်အောက်ထက်ဝန်းကျင်တို့မှခေါ်၍ စုရုံးကြလ တ္တံ့။ အခု ကိုယ်တော်ကအစပြုတော်မူပါတယ်... ကြည့်ပါ။ ဒီမှာ သတ္တမမြောက်တံဆိပ်ကလွဲရင်ဘာတစ်ခုမှ ကိုယ်တော်ဖြေထား တာမရှိပါဘူး။ ကြည့်ပါ။

သူက ဆဋ္ဌမမြောက်တံဆိပ်ကို ပြောထားပါတယ်__ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ပဉ္စမနှင့် ဆဋ္ဌမရှိပါ တယ်__ဒါပေမယ့် သတိထားပါ။

(၃၂) သဘော်သဖန်းပင်ကိုအစွဲပြု၍ပုံသက်သေတစ်ခုကို မှတ်ကြလော့။ သဘော်သဖန်းပင်သည် အခက်အလက်နု၍ အရွက်ပေါက်သောအခါ နွေကာလနီးသည်ကို သင်တို့သိကြ၏။ ‘ (၃၃) ထိုနည်းတူ ထိုအကြောင်းအရာအလုံးစုံတို့ကိုမြင်ရလျှင် လူသား သည် တံခါး၀တိုင်အောင် အနီးသို့ရောက်တော်မူသည်ကို သိမှတ်ကြလော့။

63 ၆၃။ အဲဒီနောက်ဆုံးက... အဲဒီမေးခွန်းကို သူတို့က ကိုယ်တော်ကို မေးမြန်းမှုပြုခဲ့ကြပါတယ်။ ‘လောကကြီး၏အဆုံးသတ်နိမိတ်လက္ခဏာက မည်သို့ဖြစ်သနည်း ?’ ဆိုပြီးတော့ပါ။ ဒီဂျူးတွေကိုသင်တို့မြင်ရတဲ့အခါ... ဒီလိုအခြားကိစ္စတွေ ဖြစ်ပျက်တာကို ခင်ဗျားတို့ တွေ့မြင်ကြရတဲ့အခါ ဘာဖြစ်မလဲဆိုတာကို ခင်ဗျားတို့သိကြပါ။ အခု ဒီဂျူးတွေကို ခင်ဗျားတို့ကြည့်တဲ့အခါ... ဂျူးတွေကို စကား ပြောပါ။

အခု စောင့်ကြည့်ပါ။ကိုယ်တော်က ဘယ်အစုအဝေးကို ပြောခဲ့တာပါလဲ ?တစ်ပါးအမျိုးသားကိုလား ? ဂျူပါ။ ဂျူးတွေကိုပါ။ တွေ့လား ?အခု၊ ကိုယ်တော်က ‘ငါ့နာမကြောင့်သင်တို့သည် နိုင်ငံအားလုံး၏ မုန်းခြင်းကိုခံရမည်။’ ဟုမိန့်တော်မူခဲ့ပါတယ် ။ ပြီးတော့ အဲ့လိုတွေဆက်ဖြစ်စရာရှိပါတယ်။အခု ကိုယ်တော်မိန့်တော်မူစဉ်ခါ...ဆက်လက်၍ ဟိုနားမှာသူတို့ရဲ့အဖူးကို စပြီး ပွင့် လန်းစေတော့မယ့် ဂျူးတွေကို ခင်ဗျားတို့တွေ့ရပါမည်။ အဲ့အချိန်...အစ္စရေတွေ ပြန်လာလို့အစပြုကြပါမည်။ သူတို့ရဲ့နိုင်ငံထဲကို ဝင်ကြတော့မှာပါ။ အဲ့နိုင်ငံ၊ အဲဒီလိုဖြစ်တဲ့အချိန်အသင်းတော်က ချီဆောင်ခြင်းမှာပါဖို့ အဆင်သင့်ဖြစ်နေပါပြီ။ အဲဒါက ကမ္ဘာ ဟောင်း၏ အဆုံးသတ်ခြင်းကိုရောက်ဖို့ သုံးနှစ်ခွဲအချိန်ကာလပဲဖြစ်ပါတယ်။အဲ့နိုင်ငံဟာ ကစဉ့်ကလျားဖြစ်တဲ့အထဲကို ထွက်ခွာ သွားရပါမည်။ ပြီးရင် ကမ္ဘာသစ်ထဲရောက်ဖို့မိလေနိကာလ ရောက်လာပါမည်။ ‘တံခါးဝမှာပင်ရှိတယ်’ လို့ပြောထားတာပါ။

64 ၆၄။ အခု၊ကမ္ဘာပေါ်က အနှစ်တစ်ထောင်က ဘုရားသခင်နှင့် တစ်ရက်မျှသာရှိပါတယ်။ သုံးနှစ်ခွဲက အဲဒါကိုဘယ်လိုရောက် သွားစေတာလဲ ? ဒါကြောင့် ဘုရားသခင်၏အချိန်နာရီ၌ မြောက်များစွာသောစက္ကန့်တွေပါနေပါတယ်။ အဲဒါက ကိုယ်တော် မိန့်တော်မူတဲ့ အဲ့ဒါက တံခါးဝမှာရှိတယ် ဆိုတဲ့အကြောင်းအရင်းပင်ဖြစ်ပါတယ်။ (၃၄) ငါအမှန်ဆိုသည်ကား ယခုဖြစ်သော လူများမကုန်မှီ ထိုအကြောင်းအရာအလုံးစုံတို့သည်ဖြစ်ကြလိမ့်မည်။ ဘာဖြစ်ပါသလဲ ?အဲဒါနဲ့ဘယ်လိုသွားလုပ်ရပါမည်နည်း ?တစ်ချိန်လုံး သူတို့ဟာ မြေကြီးပေါ်ကနေဂျူးတွေကို သတ်ဖြတ်ဖို့ ကြိုးစားနေခဲ့ကြတာဖြစ်ပါတယ်။သူတို့ဟာ အဲဒီလိုလုပ်နိုင်စွမ်း လုံးဝရှိမှာမဟုတ်ပါဘူး။

ဒါပေမယ့် သတိပြုပါ။ အလွန်တရာသောဂျူးမျိုးဆက်ကတော့ ပါကစ္စတီးတောထဲသို့ ပြန်ရောက်ရခြင်းကို မြင်တွေ့ခဲ့ကြရ ပါတယ်။ အဲဒီမျိုးဆက်ကတော့ဒီလိုကိစ္စတွေဖြစ်တာကို တွေ့မြင်ြကရပါလိမ့်မည်။ ပြီးတော့ အခု၊ နောက်ဆုံးနှစ်နှစ်မှာသူဟာ... သူ့ရဲ့ကိုယ်ပိုင်ငွေကြေးနှင့်နိုင်ငံတစ်ခု လုံးဝဖြစ်လာရပါမည်။ ဘာဖြစ်ဖြစ်ပါ။ အဲ့လိုသူဖြစ်ပါမည်။

65 ၆၅။ အခုကျွန်တော်တို့ ဘယ်နေရာမှာ ရောက်နေကြရတာပါလဲ။ မိတ်ဆွေတို့။?တံဆိပ်များနှင့် အရာရာတိုင်းကို ဖွင့်လှစ်မှုပြုလျှက်ရှိပါတယ်။ _ကျွန်တော်တို့ဟာဒီအတောအတွင်းမှာ ရောက်နေကြတာဖြစ်ပါတယ်။ အဲဒါက အဲဒီလိုဖြစ်ပါတယ်။ ကျွန် တော်တို့ ထိုင်နေကြရတဲ့နေရာကို မြင်ပါသလား ? ခင်ဗျားတို့ အဲဒါကိုရဖို့ ကျွန်တော်မျှော်လင့်မိပါတယ်။ကျွန်တော့်မှာ အတန်း ပညာမရှိပါဘူး။ ကျွန်တော် ဘာအကြောင်းပြောသလဲဆိုတာကိုတော့ ကျွန်တော်သိပါတယ်။ဒါပေမယ့် ကျွန်တော်ဟာ ခင်ဗျားတို့ အတွက် ဇာတ်လမ်းရိုက်နေပြီး၊ ရှင်းပြချင်မှရှင်းပြနိုင်ပါမည်။ဒါပေမယ့် ဘုရားသခင်ဟာ ရေးနေသော နှုတ်ကပတ်တော်တွေကို သူတို့အား မှန်မှန်ကန်ကန်ခွဲခြားပြဖို့ရာကျွန်တော်မျှော်လင့်ထားပါတယ်။ ကြည့်ပါ။ ဘာလဲဆိုတာ ခင်ဗျားတို့ သိခွင့်ရကြပါမည်။ ဘာဖြစ်လို့လဲဆိုရင်ကျွန်တော်တို့ဟာ တံခါးဝမှာ ရောက်နေကြလို့ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဒီလိုအချိန်နာရီအတောအတွင်း မှာ ရှိနေကြလို့ပါ။

အခု။ သတိထားပါ။ ကြည့်ပါ။အခု အမှန်တစ်ကယ် အဝေးရောက်နေတဲ့ ဒီဂျူးတွေဆီကို ကိုယ်တော်လှည့်လာ တော်မူပါမည်။ အဆုံးသတ်မှာ ဘာတွေဖြစ်လာမလဲဆိုတာကိုကိုယ်တော်မိန့်တော်မူပါတယ်။ အခု အဲဒါကို ကျွန်တော်တို့ကိုယ်၌ သိရှိနေကြရပါပြီ။ (ကျွန်တော်တို့သိရှိကြပါတယ်။ကျွန်တော်တို့မှာ အသိကောင်းကောင်းရသွားကြပါပြီ)။ အဲ့ဒီလူမျိုးစုတွေဟာ ပျံ့နှံ့ လျှက်ရှိကြပါတယ်။အနှစ် ၂၅၀ အတွက် သူတို့ရှိခဲ့ကြရဘူးပါတယ်။ သူတို့ဟာ လေ လေးပါးအကြောင်း ပျံ့နှံ့ကြရမည်ဟုပရော ဖက်ပြုခြင်းကို ခံရသူတွေဖြစ်ပါတယ်။ ခင်ဗျားတို့ အဲဒါကို သိပါသလား ? ကျွန်တော်တို့ အဲဒါကိုသိကြပါတယ်။ တစ်ကယ်တော့ကျွန်တော်တို့က ပြန်သွားရ၍ ဖြစ်စရာအကြောင်းတော့မရှိပါ။ ဘာဖြစ်လို့လဲဆိုရင် ဒီနေရာမှာကျွန်တော် ခင်ဗျားတို့ကို ကျွန်တော် မြင်စေချင်တဲ့တစ်ကယ့်ကိုအရေးကြီးတဲ့ တစုံတခုသောအရာကို ကျွန်တော်မှာ ရှိနေခြင်းကြောင့်ဖြစ်ပါတယ်။ခင်ဗျားတို့ သိပ်ကြိုး စားပန်းစားနဲ့ ကျွန်တော်လည်း မောမသွားခင်အချိန်မှာ မြင်သွားစေချင်တာပါ။

66 ၆၆။ သတိထားပါ။ကျွန်တော်တို့က မျိုးနွယ်စုတိုင်း လိုလိုကိုပင် သိရှိကြပါတယ်။ (အဲဒါက မျိုးနွယ်စုဆိုင်ရာအချိန်ကာလနှင့် ဆိုင်သော ပညာရပ်ဖြစ်ပါတယ်။ ဒါမှမဟုတ် အဲဒါကို ခင်ဗျားတို့ ခေါ်ချင်သလိုခေါ်လို့ရပါတယ်။ ဒါမှမဟုတ် ဘူမိဗေဒ၊ ဒါမှမဟုတ် ...)မျိုးနွယ်စုဆိုင်ရာ အခြေအနေတွေက ဒီထက်ပိုပြီး၊ စုလာစရာအကြောင်းမရှိပါဘူး။ သူတို့ဟာနေရာအနှံ့ကို ပျံ့နှံ့ရောက်ရှိခဲ့ ရပါတယ်။ ဂျူးတွေက ယေရုစလင်မြို့ထဲ အတူတကွ စုရုံးခဲ့ရခြင်းကမဖြစ်ခဲ့ပါဘူး။ ...သူတို့ဟာ သူတို့ရဲ့မျိုးနွယ်စုကိုတောင်မသိဘဲ နေနေကြရပါတယ်။ သူတို့မှာ မျိုးနွယ်စုဆိုင်ရာအလံတွေနဲ့ဘယ်အရာမှထပ်ပြီး ပိုင်ဆိုင်စရာအောကာင်းမရှိတော့ပါဘူး။ သူတို့ အားလုံးက သူတို့ဟာဂျူးတွေဖြစ်တယ်ဆိုတာကိုတော့သိရှိကြပါတယ်။ အဲဒီအတိုင်း ကမ္ဘာကြီးဆီ ရောက်သွားမယ်လို့ သူတို့ဟာ ပရောဖက်ပြုခြင်းကိုခံကြရပါတယ်။

အခု သူတို့ရဲ့စာလိပ်တွေကိုဖျက်ဆီးခံခဲ့ကြရပါတယ်။ သူတို့မသိကြပါဘူး…ခင်ဗျားတို့က ‘ခင်ဗျား ဘယ်မျိုးနွယ်စုကဆင်းသက်လာတာလဲ?’ လို့မေးရင်

‘ကျွန်တော်မသိဘူး’

‘ဘာအမျိုးလဲ…?’ ဆိုပြီးတော့ ရှိကြပါမည်။

‘ကျွန်တော်မသိဘူး’ ဆိုပြီးရှိကြပါမည်။ ဘင်ဟာမိန်အမျိုးကတစ်ယောက်၊ဒီကတစ်ယောက်၊ ဟိုကတစ်ယောက်နဲ့ရှိ နေကြပါမည်။ သူတို့ဘယ်နေရာက ရောက်လာသလဲဆိုတာကို သူတို့မသိကြပါဘူး။သူတို့ရဲ့စာလိပ်တွေဟာ စစ်ပွဲကြောင့်ပျက်ဆီး ခဲ့ကြရပါတယ်။ နှစ် ၂၅၀၀ ကာလအတွက်ပါ။…သူတို့သိထားတဲ့ တစ်ခုသောအရာကတော့သူတို့ဟာ ဂျူးတွေဖြစ်တယ်ဆိုတာပါ ဘဲ။ အဲဒါက အကုန်လုံးပါ။ ဒါကြောင့် သူတို့ဟာ သူတို့ရဲ့မွေးရပ်မြေသို့ပြန်ကြရမယ်ဆိုတာကိုတော့ သူတို့သိကြပါတယ်။ သူတို့ ခုထိ……

သတိပြုပါ။ သူတို့ဟာ သူတို့ရဲ့ကမျိုးနွယ်စုကိုမသိကြပေမယ့်၊ ဘုရားသခင်က အမှုပြုတော်မူပါတယ်။ ကျွန်တော်အဲဒါ ကိုတော့ ချစ်ပါတယ်။ ခင်ဗျားတို့သိပါတယ်။ကိုယ်တော်က ‘သင်တို့၏ခေါင်းပေါ်ကဆံပင်အရေအတွက်ကို’ ဆိုပြီး မိန့်တော်မူခဲ့တယ်နော်။ သတိထားပါ။ သူတို့ဘာမှ ပျောက်ဆုံးနေစရာအကြောင်းမရှိပါဘူး။ ‘နောက်ဆုံးသောနေ့ရက်ကာလ၌ ငါသည် တစ်ဖန် ထိုအမှုကိုပေါ်ထွန်းစေမည်’ ဟုမိန့်တော်မူခဲ့ပါတယ်။

သူတို့ဟာ သူတို့ရဲ့မျိုးနွယ်စုဆိုင်ရာအလံတွေနဲ့ သူတို့ပိုင်ဆိုင်မှုတွေကို ဆုံးရှုံးခဲ့ရပေမယ့်လည်း…အဲဒီလူတစ်ဦးကတော့ ဖြစ်ပါမည်။ သူတို့ဟာ ဒီလိုဟိုလို ရှိချင်လည်းရှိကြမည်။…သူတို့ဟာ ဧမိန်အမျိုးကလာတာလား? ရှုဘင်အမျိုးကလာတာလား? ဒါမှ မဟုတ် ဣသခါအမျိုး၊ ဒါမှမဟုတ် သူတို့ဘယ်အမျိုးကလာသလဲဆိုတာကိုသူတို့မသိကြပါဘူး။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ ဘုရားသခင်က ဒီနေရာမှာသူတို့ကို ခေါ်ဆောင်မှုပြုလျှက်ရှိပါတယ်။

67 ၆၇။ အခုသတိထားပါ။ ကျွန်တော်တို့ဒါကို ဗျာဒိတ်ကျမ်း အခန်းကြီး ၇ မှာ ဖတ်ခဲ့ကြရပါတယ်။ မျိုးနွယ်စုတစ်ခုချင်းစီမှာပါတဲ့ လူတစ်သောင်းနှစ်ထောင် ကိုဖြစ်ပါတယ်။ အဲဒီကနေ ရွေးနှုတ်ခံရမည့်လူအားလုံးပါပါတယ်။ မျိုးနွယ်စု တစ်မျိုးချင်းစီမှာ ရွေးနှုတ်ခံ ရတဲ့ လူတစ်သောင်းနှစ်ထောင်စီရှိနေပါတယ်။အစီစဉ်တကျ ဒီလိုမျိုး သူတို့ဟာ အမှန်တစ်ကယ် နေရာကျကြရမှာပါ။ အို၊ ကျွန်တော်..သူတို့ကဘယ်သူတွေပါလဲ? သူတို့ဟာ မျိုးနွယ်စုအလိုက်ပါဝင်ကြရမည့်သူများ ဖြစ်ပါတယ်။ ခုထိတော့ သူတို့ဟာ မပါကြရသေးပေမယ့် သူတို့ပါလာကြရင်အုပ်စုမှာဘာတောါဖြစ်လာပါမည်နည်း ?ပုံမှန်မဟုတ်တဲ့ဂျူးတွေပါ။ မဟုတ်ဘူး။ ဒါပေမယ့် တစ်ဦးချင်းစီက ရွေးနှုတ်ခံရတဲ့သူတွေဖြစ်ပါတယ်။၁၄၄၀၀၀ သောသူတွေဟာ မျိုးနွယ်စု အုပ်စုထဲ၌ ပါဝင်လာကြရပါမည်။ အို၊ ကျွန်တော်..ကျွန်တော်ခင်ဗျားတို့ကို ဘယ်လောက်တောင်ပြချင်သလဲဆိုရင် ကျွန်တော်တို့တော့ အဲ့ထဲပါကြမှာမဟုတ်ပါဘူး။ဒါပေမယ့် အဲ့အတိုင်းအတိအကျ ကောင်းကင်က မြင်ရပါမည်။ အစီစဉ်တကျ မှန်မှန်ကန်ကန်ရှိရပါမည်။

68 ၆၈။ အခုကျွန်တော်ခင်ဗျားတို့ကို သေသေချာချာစောင့်ကြည့်စေချင်ပါတယ်။ တစ်မိနစ်လောက် ကျွန်တော်နှင့်ဖတ်ကြရ အောင်။ အခု ဒီနေရာမှာရှိတဲ့ တစ်စုံတစ်ခုသောအရာကမျိုးနွယ်စုဆိုင်ရာ ခေါ်ဆိုမှုပြုခြင်း၌ ခင်ဗျားတို့လုံးဝ သတိမထားမိတဲ့အရာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ဗျာဒိတ် ၇ ကိုဖတ်ပြီးရင် ကျွန်တော်ခင်ဗျားတို့ကို ပြောပါမည်။ ကျွန်တော်နဲ့ဖတ်မယ်နော်၊အဲဒီမျိုး နွယ်စုတွေကို ကြည့်ကြပါမည်။ ဗျာဒိတ်အခန်းကြီး ၇ မှာပါ။ ဒန်နဲ့ ဧဖရိန်အမျိုး ပျောက်နေပါတယ်။ သူတို့ရဲ့ အရေအတွက် ပါမလာပါဘူး။အဲဒါကို ခင်ဗျားတို့ သတိထားမိပါသလား ?ယောသပ်အမျိုးနဲ့ လေဝိအမျိုးကို သူတို့နေရာမှာ အစားထိုးထားတာ ဖြစ်ပါတယ်။ အဲဒါကိုခင်ဗျားတို့ သတိပြုမိပါသလား ?ဒန်အမျိုးနှင့် ဧဖရိန်အမျိုးက အဲဒီမှာမပါပါဘူး။ မပါဘူးနော်၊ ဆရာ။ ဒါပေမယ့် ယောသပ်အမျိုးနှင့်လေဝိအမျိုးကို ဒန်အမျိုးနှင့် ဧဖရိန်အမျိုးနေရာမှာ အစားထိုးထားပါတယ်။ ဘာကြောင့်ပါလဲ? အမြဲ တမ်းမှတ်ထားရမှာက ဘုရားသခင်က သူရဲ့နှုတ်ကပတ်တော်ပေါ်မှာထားတဲ့ကတိတော်တိုင်းကို အမှတ်ရတော်မူတယ်ဆိုတာပါ ပဲ။ အို..အဲဒီအကြောင်း ကျွန်တော်ဟောချင်လိုက်တာဘုရားသခင်မေ့တယ်ဆိုတာ ဘာမှမရှိပါဘူး။ ဒါပေမယ့်၊ အဲဒါက ဒီလိုမျိုးပုံစံ ပေါက်နေတာပါ။

ကိုယ်တော်က မောရှေကိုမိန့်တော်မူသလိုပါပဲ။ ဣသရေလတွေဟာ အနှစ်လေးရာ အဲဒီမှာကျရောက်ခဲ့ကြရပါတယ်။ အဲဒီအချိန်သူတို့ အဲဒီကို တက်သွားခဲ့ကြရဖူးပါတယ်။ ကိုယ်တော်က အာဗြဟံကို သူ၏မျိုးဆက် အနှစ်လေးရာပတ်လုံးထူးဆန်းသည့်နယ်မြေသို့ လှည့်လည်သွားလာရမည်ဟု မိန့်တော်မူခဲ့ပါတယ်။ ဒီနောက် ကိုယ်တော်ကသူတို့ကိုခေါ်ဆောင်တော် မူခဲ့ပါတယ်။

ဒီနေရာမှာ ဘာကြောင့်သူတို့ပျောက်နေကြတာပါလဲ။

69 ၆၉။ အခုခင်ဗျားတို့ကြည့်ရင်၊ အခု ဖတ်ပါမည်။…အခု ခင်ဗျားတို့ကိုကျွန်တော်နဲ့အတူ ဖတ်ကြည့်စေချင်ပါတယ်။ တရားဟော ရာကျမ်း အခန်းငယ် ၂၉ ကိုသွားပါမည်။…အခန်းကြီး ၂၉ ဖြစ်နိုုင်ပါတယ်။အဲ့မှာ ဒီမျိုးနွယ်စုတွေ ဘာလို့မပါရတာလဲဆိုတာ ရှိပါတယ်။ အရာရာတိုင်းမှာ အဲ့ဒီလိုဖြစ်ရတယ်ဆိုတဲ့အကြောင်းပြချက်တစ်ခုတော့ ရှိပါတယ်။ တရားဟောရာကျမ်း_ကျွန်တော်တို့ တရားဟောရာကျမ်း အခန်းကြီး ၂၉ ကိုလိုချင်ပါတယ်။အခု ဘုရားသခင်က ကျွန်တော်တို့ နားလည်နိုုင်မည့်အရာကို ကျွန်တော်တို့ အား အလွန်ကူညီမစပေးတော်မူပါမည်။အခု၊ ကျွန်တော်တို့ တရားဟောရာကျမ်း အခန်းကြီး ၂၉၊ အခန်းငယ် ၁၆ ကနေစချင်ပါ တယ်။ အခု၊နားထောင်ပါ။….မောရှေပြောထားပါတယ်။ (၁၆) သင်တို့သည် အဲဂုတ္တုပြည်၌ပေါင်းဘော်သောသူ၊ခရီးသွား၍ လမ်း၌တွေ့ကြုံသော လူမျိုးတို့ကို သင်တို့သိကြ၏။ (၁၇) သူတို့၌ရှိသောစက်ဆုပ်ရွံရှာဘွယ်သောသစ်သားရုပ်တု၊ ကျောက်ရုပ်တု၊ ရွှေရုပ်တု၊ ငွေရုပ်တုတို့ကိုမြင်ကြပြီ။

[လူတိုင်းဟာတစ်ခုခုလေးတွေဒါမှမဟုတ် အခြားတစ်ခုကို သယ်သွားကြပါမည်။ ရှင့်စီးစီးလု၊ ရုပ်တုလေးတွေကိုပါ။

အဲဒီလိုတစ်ခုခုလေးတွေကိုခင်ဗျားတို့လည်းသိပါတယ်။ ကြည့်ပါ။]

အဲမှာ....[နားထောင်ပါ။] (၁၈) ငါတို့ဘုရားသခင်ထာဝရဘုရားထံတော်မှ လွဲရှောင်ချင်သောသဘောရှိလျှက်၊ ထိုလူမျိုးတို့၏ဘုရားများထံသို့သွား၍ဝတ်ပြုသော ယောကျ်ား၊ မိန်းမ၊ အဆွေအမျိုးတစုံယောက်သည်သင်တို့တွင်ပါမည်ဟူ၍ရှင်း၊ ခါးစွာသော အသီး၊ ဒေါနကို သီးတတ်သော အပင်မြစ်သည် သင်တို့တွင်ပေါက်မည်ဟူ၍ရှင်း၊ (၁၉) ထိုသို့သော သူသည် ဤကျိန်ခြင်းစကားကို ကြားသောအခါ၊ စိတ်ခိုင်မာသည်အတိုင်း၊.....

70 ၇၀။ ကြည့်နော်၊လူတွေက ‘အာ၊ သူက သူ့ကိုယ်သူကောင်းချီးပေးနေတာပဲ’ လို့ပြောကြပါတယ်။ ခင်ဗျားတို့သိပါတယ်။ အမှားလေးတစ်ခုလိုလုပ်နေကြတာပါ။ ဒါမှမဟုတ် အခု သူတို့လုပ်တတ်ကြသလိုတစ်ခုခုဖြစ်ပါမည်။ အတူတူပါပဲ။ ခင်ဗျားတို့ကြည့်ပါ။ ခင်ဗျားတို့မြင်ပါ။ တစ်ပါးအမျိုးသားတွေလိုပဲ။မယုံကြည်သူတစ်ယောက်ဟာ ထိုအသွင်အပြင်ကိုဆောင်ပါတယ်။ သူ့ရဲ့နှလုံးသား ထဲမှာ၊ သူ့ရဲ့စိတ်ကူးထဲမှာသူ့ရဲ့စိတ်သဘောမှာ သူဟာ သူ့ကိုယ်သူ ကောင်းချီးပေးတယ်ဆိုတာက...

‘ငါကျင့်၍ ရေငတ်ခြင်းအပေါ်၌’ [အခု၊ သောက်တယ်လို့ပြောထားတာပါ။ ‘အဲဒါက ဘာမှမကွာခြားပါဘူး။ခင်ဗျားတို့ဘုရားကျောင်းတက်သ၍ အဲဒါကအမှန်ပါပဲ’ ဒီနောက်] ယဇ်မူးခြင်းကို ထပ်ဆင့်သော်လည်း ချမ်းသာရမည်ဟု စိတ်ထဲမှာကိုယ့်ကိုကိုယ်ကောင်းကြီးပေးမည်ဟူ၍ရှင်း၊ စိုးရိမ်စရာရှိ၏။(၂၀) ထိုသူကို ထာဝရဘုရားနှမြောတော်မမူ။ အပြစ်ရှိသည်ဟုထင်လွယ်သော စိတ်၊ အမျက်တော်အရှိန်မီးခိုးထွက်၍ဤကျမ်းစာ၌ရေးထားသော [အဲ့ဒီလိုတစ်လုံးတစ်လေကို ထုတ်နှုတ်ကာ ပေါင်းထည့်တာမျိုးလုပ်လို့မရဘူးဆိုတာကို မြင်ကြပါ။]အမင်္ဂလာရှိသမျှတို့သည် ထိုသူအပေါ်မှာတည်နေကြလိမ့်မည်။ သူ၏အမည်ကို မိုဃ်းကောင်းကင်အောက်၌ချေတော်မူလိမ့်မည်။ [အဲဒါကတော့ သူဤကမ္ဘာမြေကြီးပေါ်ရှိစဉ်အခါနှင့်__ ကောင်းကင်အောက်အရပ်၌ရှိစဉ်အ ချိန်မှာ ဖြစ်ပါမည်။] (၂၁) ဤပညတ္တိကျမ်းစာ၌ ရေးထားသောပဋိညာဉ်အမင်္ဂလာရှိသမျှတို့နှင့်အညီထိုသူကို ဣသရေလအမျိုးအ နွယ်အပေါင်းတို့ထဲက ထာဝရဘုရားနှုတ်၍ အပြစ်ပေးဖို့ရာ ခွဲထားတော်မူလိမ့်မည်။

71 ၇၁။ ဒါကြောင့်ရုပ်တုကို အစေခံတဲ့ဘယ်သူမဆို ဒါမှမဟုတ် သူ၌ ရုပ်တု၏ဝတ်ကိုပြုတယ်ဆိုရင် ဒါမှမဟုတ် သူ့စိတ်ထဲကသူ ကိုယ်ပိုင်အတွေးအမြင်၌ သူ့ကိုယ်သူကောင်းချီးပေးပြီး ရုပ်တုတွေကို အစေခံနေမယ်ဆိုရင်ဘုရားသခင်က ‘လူမျိုးစုများအကြား ယောကျ်ား၊ မိန်းမ၊ မိသားစု ဒါမှမဟုတ် သူ့ရဲ့အမည်ကိုလုံးဝပြေယ်ဖျက်ပစ်မည်။’ ဟု မိန့်တော်မူခဲ့ပါတယ်။အခု အဲဒါက မှန်ပါသ လား? ဘယ်လောက်မှန်ပါသလဲ! လွန်ခဲ့သောနှစ်များစွာနှင့် ယနေ့ထိတိုင် အသင်းတော်၌ ရုပ်တုဆင်းတုကိုးကွယ်ခြင်းက ပြောင်းလဲခြင်းမရှိဘဲ ရှိနေပါတယ်။

အခုသတိထားပါ။အန္တိခရစ်က ဘယ်လိုမျိုးတုပြီး__ရွေ့လျားမှုတစ်ခုကိုလုပ်ဖို့ ကြိုးစားနေသလဲဆိုတာကို စောင့်ကြည့်ကြ ပါ။ ဘုရားသခင်၏သူတော်စင်များ၏နောက်မှာ နတ်ဆိုးက ပုံစံချပြီး ဘောင်ခတ်ပစ်လိုက်တာကို ဘယ်နှယောက်လောက်သိကြပါသလဲ? အဲဒါ အပြစ်ဟုတ်ပါသလား? အဲဒါက အမှန်တကယ် အမှားကို အမှန်လုပ်လိုက်တာမဟုတ်ဘူးလား? အဲဒါက မှန်ကန်တဲ့အ ပြုအမူတစ်ခု ဘုရားသခင်လုပ်ဆောင်ချက်ကို အမှားဖြစ်အောင်လုပ်လိုက်ခြင်းဖြစ်တယ်ဆိုတာကို ကြည့်ပါ။

72 ၇၂။ အခုအဲဒီလိုလုပ်ဖို့ ကြိုးစားရာ၌__နာမည်တစ်ခုတော့ ပျောက်သွားရပါသည်__အသင်းတော်ခေတ်ကာလ၌ ခင်ဗျားသတိထားကြည့်မိပါသလား? ထိုပြောင်းလဲခြင်းမရှိသော သားရဲဟာ သေသူတို့၏ရုပ်တုကို ဝတ်ပြုကိုးကွယ်မှုပြုပါတယ်။ပြီးတော့ ထို သို့လုပ်ဆောင်မှုပြုပါမည်။ ယေရှုခရစ်တော်၏အမည်နာမကို ဖယ်ထုတ်ဖို့ ကြိုးစားမှုပြုခဲ့ကြပါတယ်။ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်လိုမျိုး ခေါင်းစဉ်တွေပေးကြပါမည်။ အဲဒါလိုမျိုးအဲဒီအရာ၏နောက်ကွယ်မှာ ထိုသို့ကျိန်အပ်သောအရာ နှင့်အတူတူညီသောအမှုသည် ရှိနေပါတယ်။ ဣသရေလနိုင်ငံမှာရှိတဲ့သူတော်ကောင်းယောင်ဆောင်ပြီး လှည့်စားတတ်တဲ့__ ယေရောကုန်ဆိုတဲ့ ဘုရင်တစ်ယောက်ရဲ့လက်အောက်မှာဒန်အမျိုးနှင့် ဇေဖရိန်အမျိုး ရောက်သွားခဲ့ပါတယ်။

အခု သတိပြုပါ။ဓမ္မရာဇဝင်တတိယစာစောင် အခန်းကြီး ၁၂ မှာပါ။ ကျွန်တော်တို့သိထားကြပါတယ်... ဒါက ကျွန်တော့်ဆီ ကို ရောက်ရှိလာပါတယ်။ ကျွန်တော်တို့ မှီခိုမှုပြုနိုင်တဲ့နောက်ခံအကြောင်းအရာတစ်ခုပေါ်မှာ အဲဒါက တည်ရှိနေပါတယ်။ ကျွန် တော်တို့ကြည့်လို့ရပါတယ်။ဓမ္မရာဇဝင်တတိယစာစောင် အခန်းကြီး၁၂ ကို ကျွန်တော်သွားချင်ပါတယ်။ အခန်းငယ် ၂၅ က နေ ၃၀ အထိကိုပါ။ (၂၅) ထို့နောက် ယေရောဗောင်းသည်ဇေဖရိမ်တောင်ပေါ်မှာ ရှေခင်မြို့ကိုတည်၍ နေရာချ၏။ ထိုမြို့မှသွား၍ ပေနွေလမြို့ကိုလည်းတည်၏။ (၂၆) ယေရောဗောင်းက [ကြည့်ပါ။သူ့နှလုံးသားထဲက စဉ်းစားမှုဖြစ်ပါတယ်။] ဤနိုင်ငံသည် ဒါဝိဒ် မင်းမျိုးလက်သို့ ပြန်ကောင်းပြန်လိမ့်မည်။ [သူကြောက်လန့်နေပြီဆိုတာကို ခင်ဗျားတို့မြင်ကြပါ။ ဘာဖြစ်လို့လဲဆိုရင် လူတွေသွား ချင်လည်းထွက်သွားရတော့မှာ ဖြစ်လို့ဖြစ်ပါတယ်။] (၂၇) ပြည်သားတို့သည် ထာဝရဘုရား၏ဗိမာန်တော်၌ ယဇ်ပူဇော်ခြင်းငှါယေ ရုရှင်မြို့သို့သွားလျှင် သူတို့စိတ်နှလုံးသည် မိမိတို့သခင် ယုဒရှင်ဘုရင် ရောဗောဘက်သို့ပြောင်းလဲ၍ ငါ့ကိုသတ်ပြီးမှ ယုဒရှင်ဘု ရင်ရောဗောဘက်သို့ တဖန်ဝင်စားကြလိမ့်မည်ဟု အောက်မေ့သောကြောင့်(၂၈) သူတစ်ပါးနှင့်တိုင်ပင်၍ ရွှေနွားသငယ်နှစ်ကောင် ကို လုပ်ပြီးလျှင် သင်တို့သည် ယေရုရှလင်မြို့သို့သွားရသောအမှုခက်လှ၏။ အို ကြည့်ရှုကြလော့ဟုဆိုလျက် (၂၉) ဗေသလမြို့၌ တစ်ကောင်၊ ဒန်မြို့၌တစ်ကောင်ကိုထားသဖြင့် (၃၀) ပြစ်မှားစရာအကြောင်းကို ပြုလေ၏။ ပြည်သားတို့သည် နွားသငယ်ကို ကိုး ကွယ်ခြင်းငှါဒန်မြို့တိုင်အောင် သွားတတ်ကြ၏။

73 ၇၃။ တွေ့လား? ဗေသလမြို့မှာရှိတဲ့ ဇေဖရိမ်တောင်နဲ့ ဒန်မြို့မှာသူဟာ ရုပ်တုတွေကိုတည်ထားပြီး ဒီလူတွေက ဒီအရာကို ကိုး ကွယ်ဖို့ထွက်လာကြတာဖြစ်ပါတယ်။ဒီနေရာမှာရှိတဲ့ ကျွန်တော်တို့ကတော့ မိလေနိကာလကို တည့်တည့်ကြီးကို ရောက်ချသွားစ ရာအကြောင်းရှိပါတယ်။ရောက်လုနီးပြီဖြစ်ပါတယ်။ ဘုရားသခင်ဟာ အဲဒီအပြစ်ကို မှတ်ထားဆဲဖြစ်တော်မူပါတယ်။ အဲ့မှာသူတို့ ရေတွက်လိုတောင် မရကြပါဘူး။ အာမင်။ ဘုန်းကြီးပါစေသော! အခုလို ကိုယ်တော်က ကောင်းသောကတိတော်တိုင်းကိုသေသေ ချာချာအမှတ်ရဖန်သ၍ ကိုယ်တော်က မကောင်းတဲ့ကိစ္စတိုင်းကိုလည်း အမှတ်ရနေမှာဖြစ်ပါတယ်။အခု မှတ်ထားပါ... အဲဒါက

ကျွန်တော်ယုံကြည်တဲ့အကြောင်းအရင်းပါပဲမိတ်ဆွေတို့... အဲဒါကို မြင်ရတာဘယ်လောက်ပဲ ထူးဆန်းတဲ့ပုံပေါက်ပေမယ့်အကြောင်းမဟုတ်ပါဘူး။ ကျွန်တော်ဟာ အမြဲတမ်းနှုတ်ကပတ်တော်နှင့် နေထိုင်ဖို့ ကြိုးစားမှုပြုခဲ့ပါတယ်။

ကြည့်ပါ။ ဒီနောက်အဲဒီက အဲဒီအကြောင်းကို သူတို့မစဉ်းစားမိတော့ပါဘူး။ ဒီနောက် အဲဒီအကြောင်း သူတို့မတွေးမိကြပါဘူး။ သူတို့က ‘ကောင်းပြီ။ ဒါကြောင့်သူတို့ရထားတယ်’ လို့တွေးကြပါတယ်။ဟုတ်ပါပြီ။ ဒါပေမယ့် ဒီမှာရှိတဲ့သူတို့ဟာ ဒီကိုလွန်ပြီး ဒီမိလေနိကာလထဲသို့ ဝင်ကြရပါမည်။သူတို့ရဲ့နာမည်နဲ့ မျိုးနွယ်စုက သူတို့ထဲမှပယ်ဖျက်ခြင်းကို ခံကြရပါတယ်။ ဘာဖြစ်လို့လဲဆိုရင် သူတို့ဟာ ဘုရားသခင်ကျိန်ဆဲသော ရုပ်တုဆင်းတုကို အစေခံခြင်းကြောင့် ဖြစ်ပါတယ်။

ကိုယ်တော်ဟာနိကောတိန်နှင့် အဲဒီယေဇဗေလကို မုန်းတယ်လို့ ကိုယ်တော်မပြောခဲ့ဘူးလား? အဲဒီကနေ ဝေးဝေးမှာ နေပါ။ ကိုယ်တော်က ယေဇဗေလ၏သမီးတို့ကိုသေခြင်း၌ အသေသတ်ဖြတ်မည်ဟု မိန့်တော်မမူခဲ့ဘူးလား။ ကိုယ်တော်ရှိရာအ ရာမှ ထာဝရပယ်ရှင်းခြင်းကိုခံရတာမဟုတ်ဘူးလား? အဲဒါကိုအားလုံးမယုံလိုက်ပါနှင့်။အဲဒီကနေဝေးဝေးမှာနေလိုက်ပါ။ ဒါကြောင့် ဘုရားသခင်က အမှတ်ရတော်မူပါတယ်။

74 ၇၄။ သတိပြုပါ။

ဒါပေမယ့် အဲဒီမှာခင်ဗျားတို့ သတိပြုမိပါသလား။ ပယ်ဖျက်ခံလိုက်ရတယ်မဟုတ်လား? ဘာကြောင့်ပါလဲ? ကောင်းကင် အရပ်၌ အဲဒီလိုတိုက်ရိုက်ပူဇော်သက္ကာကိုပယ်ဖျက်လိုက်ခြင်းဖြင့် ဤသို့သောအရာများကိုတွေ့မြင်စေဖို့ရာ သူ့အား သန့်ရှင်းသော ဝိညာဉ်တော်ကိုပေးသနားတော်မူနိုင်ပါတယ်။ ဒါပေမယ့် သူဟာ အဲဒါကိုဘယ်လိုပဲဖြစ်ဖြစ် သူအတ္တဆန်တဲ့စိတ်ထဲမှာဖြစ်ချင်လည်းဖြစ်နေကြပါမည်။ ဒါပေမယ့် ဟေဇကိဟာ သူ့ရဲ့ရူပါရုံမှာတော့ မိလေနိကာလတွင် သူတို့ဟာ ပြီးပြည့်စုံသောအစီအစဉ်၌တစ်ဖန် သူတို့အား တွေ့မြင်ရစေပါမည်__ဟေဇကိက ခင်ဗျားတို့ ဖတ်ကြည့်စေချင်တယ်ဆိုရင်တော့ အခု အဲဒါကိုချထားပြီး အချိန်ကိုငဲ့ဖို့ခင်ဗျားတို့ အဲဒါကိုဖတ်ကြည့်လို့ ရနိုင်ပါတယ်__ ဟေဇကိ ၄၈း၁-၇ ပြီးတော့ ၂၃ ကနေ ၂၉ အထိကိုလည်းဖတ်ပါ။ ဟေဇကိဟာ မျိုးနွယ်စုတိုင်းကိုအတိအကျအစီအစဉ်တကျကို တွေ့ခဲ့ရတဲ့သူဖြစ်ပါတယ်။

75 ၇၅။ ဟုတ်ပါပြီ။အဲဒီလိုပါပဲ။ ဗျာဒိတ်ကျမ်း အခန်းကြီး ၁၄ မှာပါ။ ယောဟန်ဟာ မျိုးနွယ်စုဆိုင်ရာ အစီအစဉ်မှာသူတို့ကို တဖန်တွေ့မြင်ခဲ့ရပါတယ်။ အဲဒါအမှန်ပါ။မျိုးနွယ်စုတိုင်းဟာ သူ့နေရာမှာသူရှိနေကြပါတယ်။ ဘာဖြစ်ခဲ့ပါသလဲ? ခင်ဗျားတို့အမှတ်ရကြ ပါ။ ကိုယ်တော်က ‘ကောင်းကင်အောက်’ လို့ မိန့်တော်မူခဲ့ပါတယ်။ သူ့နာမည်က လူမျိုးစုဆိုင်ရာကိစ္စကပပျောက်သွားခဲ့ရပါတယ်။ သူကောင်းကင်အောက်အရပ်၌ ရှိနေသည်ထက် အဲဒီကိစ္စက ဘာမှပိုလာစရာအကြောင်းမရှိပါဘူး။အခုထိ လူမျိုးစုဆိုင်ရာအခန်း ကဏ္ဍမှာတော့ ဒီ ၁၄၄,၀၀၀ သောသူတွေက ဒီကိုရောက်နေကြရပါတယ်။ ဟုတ်ပြီ! ဒါပေမယ့် ခင်ဗျားတို့ကြည့်ပါ။သူတို့ဟာ မျက် စိမမြင်ဘဲရှိနေကြပါတယ်။ သူတို့မှာ ကျွဲတွေ၊ ဆိတ်တွေကို ပူဇော်ရုံကလွဲရင်ဘာအကြောင်းမှမရှိဘူးဆိုတာကို မြင်ကြပါ။

အခု သတိပြုပါ။ကိုယ်တော်က ကောင်းကင်အောက်ကနေ သူတို့ကို ပယ်ရှင်းတော်မူပါမည်။ ဒါပေမယ့် သန့်ရှင်းသောဝိညာဉ်တော်၏နေ့ရက်ကာလ၌ တစ်ပါးအမျိုးသားတို့သည် ထိုသို့သောအရာကို ဆန့်ကျင်ဘက်ပြုကြပါတယ်။ခင်ဗျားတို့ရဲ့အမည်နာမကို အသက်စာစောင်မှ လုံးဝပယ်ရှင်းခြင်းကို ခံကြရမှာဖြစ်ပါတယ်။ဒီလောက၌ ဒါမှမဟုတ် လောကသို့ရောက်လာစရာအ ကြောင်းမရှိတဲ့ ဘယ်အရာမှ ခွင့်လွှတ်စရာအကြောင်းမရှိပါဘူး။အဲဒါက မှန်ပါသလား? အဲဒီနေရာက ကျွန်တော်တို့ရပ်တည်မှုပြုကြတဲ့နေရာဖြစ်ပါတယ်။ ဆိတ်တွေ၊ သိုးတွေရဲ့အောက်မှာ ဣသရေလတွေနေကြရခြင်းဖြစ်ပါတယ်__ သူတို့မှာ တစ်နေရာတော့ရှိ ကြပါတယ်။ သူတို့ ဒီကမ္ဘာမြေကြီးပေါ်မှာ ရှိနေသ၍ သူတို့ရဲ့မျိုးနွယ်စုကလည်း ပျောက်ဆုံးနေမှာဖြစ်ပါတယ်။သူတို့ဟာ လုံးဝပါနိုင် စရာအကြောင်းမရှိပါဘူး။

76 ၇၆။ အခုကိုယ်တော်ဟာ အဲဒီကနေ သူတို့ကို ခေါ်ထုတ်လိုက်တဲ့အခါ ၁၄၄,၀၀၀ သောလူတွေက ပျောက်နေပါတယ်။ အဲဒါအ မှန်ပါ။အဲ့မှာ သူတို့ဟာ အရေအတွက်တောင်မပါသေးပါဘူး။ ယောသပ်အမျိုးနှင့် လေဝိအမျိုးကို ဒန်နဲ့ဧဖရိန်အမျိုးနေရာ၌ထည့် လိုက်ခြင်းဖြစ်ပါတယ်။ အခု ခင်ဗျားတို့ အဲဒါကိုကြည့်လို့ရပါတယ်။ ခင်ဗျားရှေ့မှာအဲဒါက အမှန်တကယ်ရှိတယ်ဆိုတာကို ကြည့်ပါ။ ဒီနေရာမှာရှိတဲ့ ဘုရားသခင်၏ကတိတော်က အဲဒီတုန်းကပြုခဲ့တာဖြစ်ပါသည်။ ဒီမတိုင်ခင် အနှစ်တစ်ရာများစွာကြာခဲ့ပါတယ်။

အခု ဘာဖြစ်ခဲ့ပါသလဲ? ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းတဲ့ ဘေးဒဏ်ကြီးကာလအတောအတွင်းသူတို့ဟာ အပြစ်ဆေး ကြောခြင်းကို ခံကြရပါမည်။ အခု ဘုရားသခင်က မိန်းမကောင်းတစ်ယောက်ဖြစ်တဲ့အဲဒီအပျိုစင်ကို အပြစ်ဆေးကြောမယ်ဆိုရင် ဒါပေမယ့် သူမဟာ မီးခွက်မှာ ဆီတော့ပြည့်ထားမယ့်သူမဟုတ်ပါဘူး။ကိုယ်တော်ဟာ အဲ့မှာရှိတဲ့ နှိပ်စက်ညှဉ်းပန်းခံရခြင်းအားဖြင့် သူမကို ဆေးကြောမှုပြုပါမည်။ ကိုယ်တော်ဟာ အဲဒီမှာရှိတဲ့မျိုးနွယ်စုတွေထဲကို သူတို့ကို အမှန်တကယ်ထည့်ပစ်လိုက်တာဖြစ်ပါတယ်။ ပြီးတော့ ပြီးရင်တော့ သူတို့ဘေးဒဏ်ကြီးကာလအတောအတွင်းမှာ ဆေးကြောမှုပြုမှာဖြစ်ပါတယ်။ဘာဖြစ်လို့လဲဆိုရင် ဆေးကြောသန့်စင်ရမည့်အရာတစ်ခုရှိနေလို့ဖြစ်ပါတယ်။ အဲဒါက တရားစီရင်မှုဖြစ်ပါတယ်။ ဒါပေမယ့် ခင်ဗျားတို့ သူတို့ကိုမြင်ကြပါ။ ဒီနောက်မှာ...

77 ၇၇။ ဒီကိုကြည့်ပါ။ဣသရေလတို့၏ အပြစ်ဆေးကြောခြင်းကို ခံရပြီးနောက် ဒီကို ၁၄၄,၀၀၀ သောသူတွေဟာ ရောက်လာစရာ အကြောင်းရှိပါတယ်။ဒီကိုလည်း ရောက်လာစရာအကြောင်းရှိပါတယ်... အိပ်ပျော်နေတဲ့အပျိုစင်က ရောက်လာ၍ အပြစ်ဆေးကြောခြင်းကို ခံရပါမည်။ ဝတ်ရုံဖြူကို ဝတ်ရပါမည်။ တွေ့လား? ဘယ်လောက်ပြီးပြည့်စုံပါသလဲ။ အဲဒါက ဘယ်လောက်လှလိုက်ပါသနည်း!

အခု အခက်အခဲကာလ၌ယာကုပ်ရောက်နေသလိုမျိုးပါပဲ။ ကြည့်ပါ။ ယာကုပ်ဟာ အခက်အခဲကာလ၌ ရောက်နေရပါ တယ်... သူဟာ အမှားကို ကျူးလွန်ခဲ့ဖူးပါတယ်။ ဒါပေမယ့် သူဟာ အပြစ်ဆေးကြောခံရခြင်းတောက်လျှောက်သူဟာ ထွက်ခွာရ တဲ့အကြောင်းက

ဘာဖြစ်လို့လဲဆိုရင် သူဟာ သူ့အစ်ကိုဧသောကို အမှားလုပ်မိခဲ့လို့ဆိုတာကိုမြင်ရပါမည်။ သူဟာ သူ့ရဲ့သားဦးအ ရာကို ရဖို့လိမ်လည်ခဲ့ပါတယ်။ ဒါပေမယ့် သူဟာ ယာကုပ်အဖြစ်မှဧသောအဖြစ်သို့ သူ့နာမည်ကို ပြောင်းလို့မရသေးခင် သူက အ ပြစ်ဆေးသန့်စင်ခြင်းထဲသို့ ရောက်ကြရပါတယ်။ထိုအရာက ဒီကနေ့မှာဆိုရင် ဘုရားသခင်၏ပုံစံခွက်မှာရှိတဲ့ အစီအစဉ်တစ်ခု၏ပုံ စံပဲဖြစ်ပါတယ်။

78 ၇၈။ အခုကျွန်တော်တို့ အခန်းငယ် ၈ ကို လှန်ကြပါမည်... ဒါမှမဟုတ် အခန်းငယ် ၁ ဖြစ်ပါမည်။ ကျွန်တော်ဆိုလိုတာကအခန်း ကြီး ၈ ပါ__ ဗျာဒိတ်ကျမ်း၈ း၁ ပါ။ ခင်ဗျားတို့ ပင်ပန်းနေပြီးဆိုတာ ကျွန်တော်သိပါတယ်။ ပြီးတော့ ကျွန်တော်အခု... အခု မိနစ်အ နည်းငယ်လောက် နားထောင်ပေးဖို့ ကြိုးစားပေးကြပါ။ ကောင်းကင်ဗိုလ်ခြေဖဘုရားသခင်ကကျွန်ုပ်တို့ကို ကူညီမစတော်မူပါမည် အကြောင်း ကျွန်ုပ်ဆုတောင်းပါ၏။

ကျွန်တော်တို့ဒီသတ္တမမြောက်တံဆိပ်ကို မှတ်ကိုမှတ်ထားရမည့်အရာမှာ အရာအားလုံးအဆုံးသတ်သည့် အချိန်နာရီမှာ ရောက်နေပြီဆိုတာပါပဲ။ အဲဒါအမှန်ပါပဲ။ သတ္တမမြောက်တံဆိပ်ထဲမှာအကြောင်းအရာတွေကို ရေးသားထားပါတယ်။ (လောက အုတ်မြစ်မချမီကပင် ရွေးနှုတ်ခြင်းအစီအစဉ်ကိုတံဆိပ်ခတ်နှိပ်မှုပြုခြင်းဖြစ်ပါတယ်။) အဲဒါက အရာရာတိုင်း၏ အဆုံးသတ်ခြင်းဖြစ် ပါမည်။ အဲဒါက အဆုံးသတ်ဖြစ်ပါမည်။ လှုပ်ရှားရုန်းကန်နေရတဲ့လောကကြီး၏ အဆုံးသတ်ဖြစ်ပါမည်။ ရုန်းကန်နေရတဲ့သဘာဝ တရား၏ အဆုံးသတ်ဖြစ်ပါတယ်။ အရာရာတိုင်း၏အဆုံးသတ်ဖြစ်ပါတယ်။ အဲဒီမှာ တံပိုးများ၏အဆုံးသတ်ခြင်းရှိပါမည်။အဲဒါက မျက်မှောက်တော်ခွက်ဖလားတို့၏ အဆုံးသတ်ဖြစ်ပါမည်။ အဲဒါက လောကကြီး၏အဆုံးသတ်ဖြစ်ပါတယ်။အဲဒါက အချိန်နာရီ၏ အဆုံးသတ်ဖြစ်ပါမည်။ အချိန်က ကုန်လွန်သွားမည်ဖြစ်ပါတယ်။ ထို့ကြောင့်သမ္မာကျမ်းစာက မိန့်တော်မူခဲ့တာဖြစ်ပါတယ်။

မဿဲအခန်းကြီး၇ ပါ... ဗျာဒိတ်ကျမ်းအခန်းကြီး ၁၀ လို့ ကျွန်တော်ဆိုလိုတာပါ။... အခန်းငယ် ၁ ကနေ ၇ အထိပါ။ အချိန် ကုန်သွားပါပြီ။ ကောင်းကင်တမန်က 'သည့်ထက်ပို၍ အချိန်မရှိတော့ပြီ' ဟု ပြောဆိုမှုပြုပါတယ်။ အဲဒီအချိန်... ဒီလိုကိစ္စကြီးဖြစ် မယ့်နေ့ရက်ကာလ၌ရှိကြရပါမည်။ ဒီအချိန်အရာရာတိုင်းဟာရပ်သွားမှာဖြစ်ပါတယ်။__ အဆုံးသတ်ပဲဖြစ်ပါတယ်... ဒါက သတ္တမ မြောက်တံဆိပ်၏အဆုံးသတ်ပင်ဖြစ်ပါတယ်။

79 ၇၉။ သတိပြုပါ။အဲဒါက အသင်းတော်ခေတ်ကာလ၏အဆုံးသတ်ဖြစ်ပါတယ်။ အဲဒါက တံပိုးတို့၏အဆုံးသတ်ဖြစ်ပါမည်။ အဲဒါက အမျက်တော်ဖလားတို့၏အဆုံးသတ်ဖြစ်ပါမည်။ မိလေနိကာလထဲဝင်ဖို့ ဖိတ်ခေါ်ကြိုဆိုမှုပြုတဲ့အရာကလည်းအဆုံးသတ်သွား မှာဖြစ်ပါတယ်။ အဲဒါက သတ္တမမြောက်တံဆိပ်ပေါ်မှာရှိတဲ့အရာပဲ ဖြစ်ပါတယ်။

အဲဒါက လေထဲသို့ဒုံးကျည်တစ်ခုကို မီးရှို့၍ ပစ်လွှတ်လိုက်သလိုမျိုးပါပဲ။ အဲဒီဒုံးကျည်ဟာ ဒီနေရာမှာပေါက်ကွဲပြီးတော့အဲဒီလိုတက်သွားတာဖြစ်ပါတယ်။ ဒီနောက် အဲဒါက ပြန်ပြီးတော့ ပေါက်ကွဲထွက်လာပါတယ်။ အဲဒါကကြယ်ငါးပွင့်ကို ထွက်ပေါ် လာစေပါတယ်။ အဲဒီကြယ်တွေထဲက တစ်ခုက ပေါက်ကွဲထွက်လာပြီးတော့အဲဒီကနေ ကြယ်ငါးလုံးကို ထွက်ပေါ်လာစေပါတယ်။ ဒီနောက် ကြယ်တွေထဲက တစ်လုံးဟာပေါက်ကွဲထွက်ပြီးအဲဒီကနေပဲ ကြယ်ငါးလုံးထွက်လာတယ်ဆိုတာကို တွေ့မြင်ရပါတယ်။ အဲဒါက ကြွေလွင့်ပျောက်ကွယ်သွားပြီဖြစ်ပါတယ်။အဲဒါက ဒီသတ္တမမြောက်တံဆိပ်ဖြစ်ပါတယ်... အဲဒါက အခု လောကကြီးအ တွက် အဆုံးသတ်အချိန်နာရီပဲဖြစ်ပါတယ်။အဲဒါက ဒီအတွက် အချိန်နာရီကို အဆုံးသတ်လိုက်ခြင်းပင်ဖြစ်ပါတယ်။ အဲဒါက အဲဒီအ တွက် အချိန်ကိုအဆုံးသတ်ပေးလိုက်ခြင်းဖြစ်ပါတယ်။ဒီအတွက် အဲဒါက အချိန်ကို အဆုံးသတ်လိုက်ခြင်းပင်ဖြစ်ပါတယ်။ အဲဒါက အချိန်ကို အဆုံးသတ်လိုက်ခြင်းပင်ဖြစ်ပါတယ်... အရာအားလုံးဟာ ဆဋ္ဌမမြောက်တံဆိပ်ပေါ်မှာပဲ အဆုံးသတ်သွားကြရမှာပါ။

80 ၈၀။ အခုကိုယ်တော်က အဲဒါကို ဘယ်လိုဆက်လက်လုပ်ဆောင်သွားမှာပါလဲ? အဲဒါကိုတော့ ကျွန်တော်တို့တော့ မသိကြပါ ဘူး။ ဒီလိုကိစ္စတွေအားလုံးအတွက် အဲဒီအချိန်သည်ပင်ဖြစ်တယ်။ ပြီးတော့ မိလေနိကာလထဲဝင်ဖို့ ဖိတ်ခေါ်ကြိုနေတာရှိပါတယ်။သတိထားနော်။ ဒီတံဆိပ်ကိုဖွင့်လိုက်တော့ အဲဒီအလွန်ကြီးမားတဲ့ ကောင်းကင်ကြီးဟာ ငြိမ်သက်ပြီးနာရီဝက်ခန့်တိတ်ဆိတ်သွား ခဲ့ပါတယ်။ အခု အဲဒါက ကြီးမြတ်ခြင်းမဟုတ်ဘူးလား? အဲဒါက ဘာပါလဲ? အဲဒါက တိတ်ဆိတ်သွားတာပါ__ ကောင်းကင်ကြီးမှာပါ။အဲ့မှာ နာရီဝက်ဆိုတာအတွက် တစ်ခုမှလွဲတာမရှိပါဘူး။

အခု ခင်ဗျားတို့ဟာအချိန်ကောင်းတစ်ခုကို ပိုင်ဆိုင်ထားကြတယ်ဆိုရင်တော့ နာရီဝက်ဆိုတာက ကြာချင်မှကြာပါမည်။ဒါပေမယ့် သေခြင်းနဲ့အသက်ရှင်ခြင်းအကြား ခေတ္တဆိုင်းငံ့ထားခြင်း၌ အဲဒါကို မိလေနိကာလတစ်ခုလို့မြင်တွေ့လိုက်ရတာဖြစ်ပါ တယ်။ အဲဒါက သိပ်ကြီးမားပါတယ်။ ယေရှုက အဲဒါကို လုံးဝဖော်ပြထားခဲ့ခြင်းမျိုးမရှိပါဘူး__ ကျန်တဲ့လူတွေလည်းမရှိကြပါဘူး။ ယောဟန်သည်ပင်လျှင် အဲဒါမျိုးကို မရေးသားနိုင်ပါ။အခု သူဟာ ဒီမှာရေးထားဖို့ကို တားမြစ်ခံခဲ့ရပါမည်။ ကြည့်ပါ။ အဲဒီမှာ အခု... ကိုယ်တော်ဟာ အခု... သူက မရေးခဲ့ပါဘူး။ ဒါပေမယ့် အခု အဲဒါက တိတ်ဆိတ်နေတာဖြစ်ပါတယ်။

81 ၈၁။ ဘုရားသခင်ရှေ့မှာမတ်တပ်ရပ်နေတဲ့ အသက်ကြီးသူနှစ်ဆယ့်လေးပါးဟာ သူတို့ရဲ့စောင်းတွေကို တီးခတ်နေကြရာမှ သူတို့ရဲ့စောင်းတီးခြင်းကို ရပ်လိုက်ကြပါတယ်။ ကောင်းကင်တမန်တွေဟာ သူတို့ရဲ့သီကြွေးမှုကိုကောင်းကင်၌ တိတ်ဆိတ်သွားခဲ့ပါ တယ်။ စဉ်းစားပါ။ သန့်ရှင်းသောခေရုဗိမ်တို့နှင့် ကောင်းကင်သားများရှိနေကြပါတယ်။အဲဒါက... ဟေရှာယဟာ ဗိမာန်တော်ထဲမှာ စိုက်နေတဲ့အရာခြောက်ခုနဲ့အတူထိုသူ့ိသောအရာကို တွေ့မြင်ခဲ့ရပါတယ်... ဒါမှမဟုတ် အကောင်းဆုံးစုံဖြစ်ပါမည်__ အတောင် နှစ်ဖက်က သူ့မျက်နှာကိုဖုံးထားပြီးကျန်အတောင်နှစ်ဖက်က သူ့ခြေထောက်ကိုဖုံးထားတာဖြစ်ပါမည်။ ကျန်နှစ်ဖက်တော့ ပျံသန်းမှုကိုပြုလျက် နေ့နေ့ညညဘုရားသခင်ရှေ့၌ 'သန့်ရှင်း သန့်ရှင်းသန့်ရှင်း ဘုရားသခင်ထာဝရဘုရားသည် ကြီးမြတ်တော်မူသည်' ဟု သီဆိုလျက်ရှိကြပါတယ်။ သူတို့အထဲကို လှမ်းလျှောက်ဝင်သွားစဉ်အခါသို့မဟုတ် ဗိမာန်တော်ထဲသို့ ဝင်ရောက်သွားစဉ်အခါ

သူတို့၏ တည်ရှိမှုနှင့်အတူ ဗိမာန်တော်၏ နေရာတို့သည်ရွှေလျှားလျက်ရှိပါမည်။ ဒီသန့်ရှင်းတဲ့ကောင်းကင်သားတို့ဟာ တိတ်ဆိတ်သွားကြပါတယ်! ကောင်းကင်တမန်တို့ကသီချင်းဆိုနေတာကို ရပ်ပစ်လိုက်ကြပါမည်! (ဟူး!) ဘုရားသခင်၏ ရှိရာအရပ်၌ ပျံ သန်းလျက် 'သန့်ရှင်း သန့်ရှင်း သန့်ရှင်း' ဟု သီဆိုနေကြ__ သူတို့ကလည်း တိတ်သွားကြပါသည်။

ဘယ်ကောင်းကင်တမန်မှသီချင်းမဆိုတော့ဘူး။ ဂုဏ်တော်ချီးမွမ်းမှုမပြုကြတော့တာပါ။ ပလ္လင်တော်ဝတ်လည်းမရှိတော့ဘဲ ဘာတစ်ခုမှမရှိတော့တာပါ! အဲဒါက တိတ်ဆိတ်သွားတာပါ__ ငြိမ်သက်သွားတာပါ။ နာရီဝက်ခန့် ကောင်းကင်မှာ လုံးဝတိတ်ဆိတ်သွားတာဖြစ်ပါတယ်။ကောင်းကင်သားအပေါင်းတို့သည် ဒီနာရီဝက်ခန့်အချိန်ကာလအတွက် တိတ်ဆိတ်သွားကြပါတယ်။ ရွှေးနှုတ်ပစ်လိုက်တဲ့အချိန်ကာလပဲဖြစ်ပါတယ်။ အဲဒါကိုစဉ်းစားပါ။ ဒါပေမယ့် အဲဒါက ဖွင့်လိုက်ပါပြီ။ သိုးသူငယ်တော်က ထိုအရာ ကို ဖွင့်လိုက်ပြီဖြစ်ပါတယ်။ဘာလဲဆိုတာ ခင်ဗျားတို့သိပါသလား ?အဲဒါကြောင့် သူတို့ထိတ်လန့်သွားကြရပါမည်။ ကျွန်တော်ယုံ ကြည်ပါတယ်။ အဲဒါကို သူတို့မသိကြပါဘူး။အဲဒါက ဒီလိုဖြစ်ပါတယ်။ သူတို့ဟာ ချက်ချင်းရပ်တန့်သွားကြတာဖြစ်ပါတယ်။ ဘာဖြစ် လို့ပါလဲ ? အဲဒါက ဘာပါလဲ ?

82 ၈၂။ အခုကျွန်တော်တို့သိတဲ့လူတစ်ယောက်မှ မရှိကြပါဘူး။ ဒါပေမယ့် အဲဒီလိုဖြစ်ရခြင်းအပေါ် ကျွန်တော့်ရဲ့အနက်ဖွင့်ဆိုခြင်းကို ခင်ဗျားတို့အား ကျွန်တော်ဆက်ပြီး ပြောပြသွားပါမည်။ ပြီးတော့ အခု ကျွန်တော်ဟာ အရူးထတတ်တဲ့လူတစ်ယောက်လည်းမ ဟုတ်ပါဘူး။ တကယ်လို့ ကျွန်တော်ဟာ နားလည်တတ်တဲ့လူမျိုးမဟုတ်ဘူးဆိုရင် တွေ့ကြပါမည်။ကျွန်တော်ဟာ ကစဉ့်ကလျား သွားပြီး စိတ်ကူးယဉ်တဲ့အရာတွေနဲ့ အဝေးရောက်နေတဲ့လူလည်း မဟုတ်ပါဘူး။ကျွန်တော်ပြောတာတွေဟာ တချို့လူတွေအ တွက် ထူးဆန်းချင်ထူးဆန်းနေပါမည်။ ဒါပေမယ့် ဘုရားသခင်အဲဒီနောက်ကွယ်ကနေ ကြွလာတော်မူ၍ အဲဒီအကြောင်းကို သက် သေထူပြီးတော့ အဲဒါက သမ္မာတရားဖြစ်တယ်။နှုတ်ကပတ်တော်ဖြစ်တယ်ဆိုတာကို မိန့်တော်မူလိုက်ပါမည်။ ကြည့်ရတာတော့ ထူးဆန်းတဲ့ပုံစံမျိုးပါပဲ။ ကြည့်ကြပါ။

အခု ဒီနေ့ညစင်မြင့်ပေါ်မှာသေသေချာချာမတ်တပ်ရပ်နေသလိုပါပဲ။ ကျွန်တော်ပိုင်ဆိုင်ထားတဲ့ရုပ်ပုံကို ထုတ်ဖော်ပြသခဲ့တာပါ... အဲဒါကတော့ သုံးထပ်ထပ်ထားတဲ့ အပြုအမူတစ်ခု၌ရှိနေပါတယ်။အဲဒါက ဘုရားသခင်၏ မစတော်မူခြင်းကြောင့် ကျွန် တော်က ခင်ဗျားတို့ကို စကားပြောရတယ်ဆိုတာဖြစ်ပါတယ်။ အဲဒါက တစ်ထပ်ဖြစ်ပါတယ်။ ဒီနောက်ခင်ဗျားတို့က... အဲဒီက ပထ မတစ်ခုဆီသွားကြပါစို့။ ဒီနေရာမှာရှိတဲ့ရုပ်ပုံက အစပြုရမှာဖြစ်ပါတယ်... ဘာလဲဆိုတာ ခင်ဗျားတို့အား ကျွန်တော်ပြောပြချင်ပါတယ်။ ထိုသို့သောမိုးချုန်းသံခုနစ်ခုက အဘယ်အရာကို ဖြစ်ပေါ်စေခဲ့ပါသလဲ။ သူဟာ မိုးချုန်းသံကိုကြားရပါတယ်။ရေးသားဖို့ရာ တားမြစ်ခံခဲ့ရပါတယ်... အဲဒါကတော့ အဲဒီလိုဆက်တိုက် မိုးချုန်းသံတွေအလိပ်လိုက်ထွက်လာခြင်းရဲ့ နောက်ကွယ်၌ လျှို့ဝှက် ချက်ရှိနေတယ်ဆိုတာပါပဲ။

83 ၈၃။ အခုဘာဖြစ်လို့ပါလဲ ? အဲဒါကို ကျွန်တော်တို့အားသက်သေပြခွင့်ပြုပါ။ ဘာကြောင့်ပါလဲ ?အဲဒီလျှို့ဝှက်ချက်အကြောင်းကို ဘယ်သူမှမသိကြလို့ဖြစ်ပါတယ်။ အဲဒီအကြောင်းရေးဖို့အားယောဟန်အား တားမြစ်ခဲ့ပါတယ်__အဲဒီအကြောင်း သင်္ကေတတစ်ခု ကိုရေးဖို့ကိုတောင် ပိတ်ပင်ခဲ့တာဖြစ်ပါတယ်။ ဘာကြောင့်ပါလဲ ? ဒါက ဘာဖြစ်လ့ုပါလဲ။ အဲဒါက ကောင်းကင်၌ ဘာလုပ်ဆောင်ချက်မှမရှိတော့လို့ ဖြစ်ပါတယ်။ လျှို့ဝှက်ချက်ကို အဝေးမှာ ပေးထားတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။အခု အဲဒါကို ခင်ဗျားတို့ မြင်ပါသလား ?တကယ်လို့ အဲဒါကအဲ့လိုသိပ်ကြီးမားတဲ့ကိစ္စ ပါဝင်ကိုပါဝင်ရမယ်ဆိုတာ ဘာဖြစ်လို့လဲဆိုရင်ဖြစ်ကိုဖြစ်ရမှာမို့လို့ပါ။ ဒါပေမယ့် မိုးချုန်းသံခုနစ်ချက်ထွက်ပေါ်စဉ်အခါ...

အခု သတိထားပါ။ကောင်းကင်တမန်ခုနစ်ပါး သူတို့ရဲ့တံပိုးတွေကို အသံပြုဖို့ရောက်လာတဲ့အချိန်မှာ အဲ့ဒီမှာမိုးချုန်းသံ တစ်ခုရှိပါမည်။ ဣသရေလတွေစုရုံးတဲ့အခါ တံပိုးတစ်လုံးမြည်တာရှိပါမည်။ အချိန်ကသိပ်မရှိတော့ပါဘူး။နောက်ဆုံးတံပိုးတစ်လုံး မြည်ရင် မိုးချုန်းသံတစ်ခုရှိပါမည်။ ဒါပေမယ့် ဒီနေရာမှာတော့အလိပ်တစ်ခုထဲမှာ တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနစ်ဆိုပြီး အ စဉ်လိုက်မိုးချုန်းသံခုနစ်လုံးဟာအမှန်တကယ်ရှိနေပါတယ်__ အဲဒါက ပြီးပြည့်စုံတဲ့နံပါတ်အရေအတွက်ပဲဖြစ်ပါတယ်။ မိုးချုန်းသံ ခုနစ်ခုဟာ တစ်ခုသောအလိပ်ထဲမှာ အဆုံးထိပါပြီးသားဖြစ်ပါတယ်။အဲဒါကို လုပ်ထားတာမဟုတ်ပါဘူး... အခုလို တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနစ်အထိ တန်းတန်းမတ်မတ်ပါပဲ။ ဒီနောက် ကောင်းကင်သားတို့က ထိုသို့သောအရာကို ရေးသားနိုင်ခြင်းမရှိတော့ပါ။ ကောင်းကင်သားတို့က အဲဒီအကြောင်းကို မသိနိုင်တော့ပါဘူး။ ဘာမှမသိနိုင်တော့တာပါ။ဘာဖြစ်လို့လဲဆိုရင် ဆက် သွားစရာအကြောင်း ဘာမှလည်းမရှိတော့လို့ပါ။ အဲဒါက [စာသားမသဲကွဲပါ။]အချိန်ပါပဲ။ အဲဒါက ကောင်းကင်တမန်များထံမှ လျှို့ ဝှက်ချက်ကို သိမ်းဆည်းထားလိုက်သည့်အထိသိပ်ကိုကြီးမားတဲ့အရာ ဖြစ်ပါတယ်။

အခု ဘာဖြစ်လို့ပါလဲ ? တစ်ကယ်လို့ စာတန်က အဲဒါကိုဖြစ်ပွားစေနိုင်တယ်ဆိုရင်သူဟာကြီးစွာသော ဖျက်ဆီးခြင်းကို ပြုချင်လည်းပြုပါမည်။အဲ့မှာက သူမသိတဲ့ကိစ္စတစ်ခု ဖြစ်နေတာပါ။ အခု သူဟာ သူလိုချင်သလို ဘယ်ကိစ္စမဆို အနက်ဖွင့်ဆိုမှု ပြုနိုင်ပါတယ်။ ဘယ်လိုဆုကျေးဇူးကိုမဆို အတုအပလုပ်နိုင်ပါတယ်။(ခင်ဗျားတို့ သင်ယူကြဖို့ ကျွန်တော်မျှော်လင့်ပါတယ်။) ဒါ ပေမယ့် သူဟာဒီကိစ္စကို မသိနိုင်ပါဘူး။အဲဒါက နှုတ်ကပတ်တော်ထဲမှာတောင် ရေးထားတဲ့အရာ မဟုတ်ပါဘူး။ အဲဒါ လုံးဝလျှို့ ဝှက်ချက်ဖြစ်ပါတယ်။ ကောင်းကင်တမန်တွေနဲ့ အရာအားလုံးဟာ လုံးဝရပ်တန့်သွားတာဖြစ်ပါတယ်။ သူတို့ဟာ တစ်ခုခုကိုလှုပ်လိုက်တာနဲ့ တစ်ခုခုဖြစ်နိုင်တာကြောင့် သူတို့ဟာ ရပ်ထားလိုက်ကြတယ်။ လုံးလျားလျား စောင်းတီးတာကိုရပ်ပစ်လိုက်ကြတာ ဖြစ်ပါတယ်။ အရာအားလုံး ရပ်တန့်သွားခဲ့တာပါ။

84 ၈၄။ ခုနစ်ခုမြောက်သောအရာက_ဘုရားသခင်၏ ပြီးပြည့်စုံသော နံပါတ်ဖြစ်ပါတယ်။ခုနှစ်က အခုလို အလိပ်လိုက် ချလာခြင်း ဖြစ်ပါတယ်။ မိုးချုန်းသံခုနစ်ခုက အဆုံးထိရောက်အောင်တန်းတန်းမတ်မတ် အတူတကွရှိနေကြခြင်းက တစ်ခုခုကို သူတို့စာလုံး ပေါင်းပြီး

ထုတ်ပြလိုက်သလိုမျိုးပါပဲ။ သတိထားပါ။အဲဒါကအချိန်နာရီပါ။ ယောဟန်ကရေးဖို့စခဲ့မယ်။ ပြီးတော့သူက အဲ့ဒါကိုမရေး နဲ့ လို့ပြောတာဖြစ်ပါမည်။ယေရှုကအဲ့ဒီအကြောင်း လုံးဝမိန့်တော်မမူခဲ့ပါဘူး။ ယောဟန်က အဲဒီအကြောင်းကို မရေးနိုင်တော့ပါဘူး။ ကောင်းကင်တမန်တွေကလည်း အဲဒီအကြောင်း ဘာတစ်ခုမှသိတာမဟုတ်ပါဘူး။

အဲဒါက ဘာဖြစ်ပါသလဲ။? အဲဒါက ယေရှုမိန့်တော်မူခဲ့တဲ့ ထိုအကြောင်းကိုကောင်းကင်နိုင်ငံမှ ကောင်းကင်သားတို့ ပင်လျှင် အဘယ်အရာတစ်ခုမှ သိမည်မဟုတ်ဟု ဆိုခဲ့တဲ့အရာပဲဖြစ်ပါတယ်။ ကြည့်ပါ။ ကိုယ်တော် ကိုယ်၌ကလည်း အဲဒီအကြောင်း သိကျွမ်းတော်မမူခဲ့ပါ။ကိုယ်တော် ဘုရားသခင်သည်သာ ထိုအရာကို သိကျွမ်းတော်မူမည်ဟု မိန့်တော်မူခဲ့ ပါတယ်။ ဒါပေမ့်ဒီလိုတံဆိပ်တွေရောက်လာတာကို ကျွန်တော်တို့ စမြင်ရတဲ့အခါ ကိုယ်တော် ကျွန်တော်တို့ကိုမိန့်တော်မူခဲ့ပါ တယ်။....(အခု၊ ခင်ဗျားတို့ တနေရာရာမှာရှိနေကြတယ်နော်။ဟုတ်ပါပြီ။) သတိထားပါ။ ကျွန်တော်တို့ ဒီနိမိတ်လက္ခဏာ တွေဖြစ်လာတာကို တွေ့ရဖို့ အစပြုရပါမည်။ ကြည့်ပါ။တကယ်လို့ စာတန်ကအဲ့ဒါကိုဖြစ်ပွားစေနိုင်တယ်ရင်....

85 ၈၅။ တကယ်လို့ခင်ဗျားတို့ တစ်ခုခုဖြစ်စေချင်တယ်ဆိုရင်... အခု ဒီကိစ္စအတွက်ခင်ဗျားတို့ ကျွန်တော့်စကားကို ယူကြပါမည်။ တကယ်လို့ တစ်ခုခုလုပ်ဖို့ ကျွန်တော်မှာ စီစဉ်ထားတာရှိတယ်ဆိုရင်တော့အဲဒီအကြောင်းတစ်ယောက်ယောက်ကို ပြောလိုက်တာ ပိုကောင်းမယ်ဆိုတာ ကျွန်တော်သိပါတယ်။ အဲဒီအကြောင်းတစ်ယောက်ယောက်ကို ပြောလိုက်တာသာမကပါဘူး။ စာတန်က လည်း အဲဒါကို နားထောင်နေတယ်ဆိုတာကိုတွေ့ပါသလား? အဲ့လို ကျွန်တော့်စိတ်နှလုံးထဲတော့သူဟာ မရောက်နိုင်ပါဘူး။ ဘု ရားသခင်က အဲဒါကို သန့်ရှင်းသောဝိညာဉ်တော်နှင့် ခတ်ပိတ်ထားသ၍တော့ရောက်မလာနိုင်ပါဘူး။ ဒါကြောင့် အဲဒါက ကျွန်တော် နှင့် ဘုရားသခင်အကြားက ကိစ္စဖြစ်တယ်ဆိုတာကိုမြင်ရပါမည်။ ခင်ဗျားမပြောတဲ့အချိန်ထိတော့ သူကလည်း ဘာတစ်ခုမှသိရမှာ မဟုတ်ပါဘူး။ ဒီနောက်မှာတော့အဲဒါကို သူကြားနာရပါမည်။

ပြီးတော့ ကျွန်တော်ကြိုးစားခဲ့ဖူးပါတယ်... ကျွန်တော်ဟာ သေချာ__သထက် သေချာတဲ့ကိစ္စတစ်ခုကို လုပ်မယ်လို့ လူ တွေကိုပြောခဲ့ပါတယ်။ နတ်ဆိုးဟာ အဲဒီကို သူဝင်လို့ရပြီး ကြည့်နော်။ အဲ့မှာ ကျွန်တော်ကိုရိုက်လို့ရဖို့ လည်ပတ်နေတဲ့အရာတိုင်း ကို ဖြတ်တောက်ပစ်လိုက်မည်ဆိုတာကို စောင့်၍ကြည့်နေကြပါ။ဒါပေမယ့် ဘုရားသခင်ဆီက ကျွန်တော်ဟာ ရူပါရုံကိုရထားတယ် ဆိုရင်ကော အဲဒီအကြောင်း ပြောစရာဘာတစ်ခုမှမရှိပါဘူး။ ဒီနောက် အဲဒါက ကွာခြားချက်တစ်ခုဖြစ်ပါတယ်။

မှတ်ထားပါ။ စာတန်ဟာအယောင်ဆောင်ဖို့ ကြိုးစားမှုပြုပါမည်! အဲဒီလိုအသင်းတော်က လုပ်ဆောင်မည့်အရာရာတိုင်းကို သူကတုပကြိုးစားမှုပြုမှာပါ။ အဲ့ဒီလိုလုပ်ဖို့ သူက ကြိုးစားနေခဲ့တာပါ။ ကျွန်တော်တို့အဲဒါကို အန္တိခရစ်အားဖြင့် သတိထားခဲ့ကြ ပြီဖြစ်ပါတယ်။ ဒါပေမယ့် ဒီတစ်ခုကိုတော့ သူဟာအရေလုပ်လို့မရပါဘူး။ ဒါကို ကပျက်ကချော်အတုလုပ်လို့ ရစရာကိုမရှိတာပါ။ ဘာဖြစ်လို့လဲဆိုတော့အဲဒါကို သူမသိသောကြောင့်ဖြစ်ပါတယ်! အဲဒါကိုသိဖို့ သူ့မှာလမ်းကြောင်းလည်းမရှိပါဘူး။အဲဒါက တတိယ အံ့ဆွဲပါ။ အခု သူဟာ အဲဒီအကြောင်း ဘာတစ်ခုမှမသိဘူးဆိုတာကို မြင်ရပါတယ်။ အဲဒါကိုသူနားမလည်ပါဘူး။

86 ၈၆။ ဒါပေမယ့်အဲဒီအောက်မှာ လျှို့ဝှက်ချက်တစ်ခုရှိနေပါတယ်။ အမြင့်ဆုံးသောအရပ်၌ရှိသည့် ဘုရားသခင်ဘုန်းကြီးစေသတည်း! အတူတူပဲဆိုပြီး ကျန်တဲ့ကျွန်တော့်ဘဝကို လုံးဝကျွန်တော်တွေးလိုက်လို့ မရပါဘူး။ကျွန်တော်မြင်လိုက်ရတဲ့အခါ...

အခုဘာဆိုတာ ကျွန်တော်မသိပါဘူး... အဲ့မှာ နောက်တစ်လှမ်းရှိတာကို ကျွန်တော်သိပါတယ်။ ဒါပေမယ့် အဲဒါကိုဘယ် လိုဘာသာပြန်ရမလဲဆိုတာတော့ ကျွန်တော်မသိပါဘူး။ အဲဒါကသိပ်ကြာတော့မည်မဟုတ်ပါ။ အဲ့လိုဖြစ်တုန်းကအဲ့ဒါကိုကျွန်တော် ဒီမှာ ချရေးထားခဲ့ပါတယ်။ ခင်ဗျားတို့ ဒီမှာကြည့်လို့ရတယ်ဆိုရင် ‘ရပ်တော့! အမှန်တကယ် ဤသို့ရှိနေတာထက် ထပ်သွားစရာအကြောင်းမရှိ။’ ဆိုတာရှိပါတယ်။

ကျွန်တော်အရူးတစ်ယောက်လို့ဖြစ်စရာအကြောင်းမရှိပါဘူး။ ကျွန်တော်အခု သမ္မာတရားအကြောင်းကို ပြောနေတာပါ။ ဒါပေမယ့်ဖိနပ်လေးအကြောင်းကို ကျွန်တော်အမြဲရှင်းပြတတ်တာကို ခင်ဗျားတို့ မှတ်မိကြပါသလား? ဘယ်လိုလဲဆိုရင် ဝိညာဉ်က နောက်ထပ်ဟိုလိုရှိမယ်။ ပြီးတော့ အတွင်းထဲက__ စိတ်ရှိမယ်၊ ပြီးတော့အဲဒီလိုထည့်ထားတဲ့ အရာမျိုးတွေရှိတယ်။ မဟုတ်လား? အဲဒါက အဲဒီနောက်မှာတော့ ကြီးကြီးမားမားအယောင်ဆောင်တဲ့ အဆုံးကြီးကိုသာဖြစ်လာစေပါတယ်။ သူတို့ လက်ကို ဘယ်လို မြှောက်ထားကြပြီးလူတွေကိုဘယ်လိုဖြစ်စေခဲ့ပါသလဲ။ ဘယ်လိုကတုန်ကယင်တွေဖြစ်ခဲ့ကြပါသလဲ__ လူတိုင်းဟာသူတို့ရဲ့လက်မှာ တုန်တုန်ယင်ယင်နဲ့ တစ်မျိုးတော့ ဖြစ်ခဲ့ကြပါတယ်။ ဒါပေမယ့် ကိုယ်တော်က အဲဒီကို ကျွန်တော့်အားခေါ်သွားတဲ့အခါခင်ဗျား တို့ မှတ်မိကြပါသလား။ ‘ဒါက အဲဒီက တတိယမြောက်အံ့ဆွဲဖြစ်လို့အဲဒီအကြောင်း ဘယ်သူမှသိမှာမဟုတ်ဘူး’ လို့ ပြောခဲ့တယ်မ ဟုတ်ဘူးလား။ အဲဒါကို ခင်ဗျားတို့ မှတ်မိကြပါသလား? ရူပါရုံတွေဟာ လုံးဝကျဆုံးသွားတာမျိုးမရှိပါဘူး !အဲဒါတွေဟာ ပြည့်ဝတဲ့ အမှန်တရားတွေဖြစ်ကြပါတယ်။

87 ၈၇။ အခုသတိထားပါ။ နက္ခတ်တာရာအစုအဝေး၏ ရူပါရုံကို မှတ်မိကြပါသလား? (ချာလီ ဒီနေရာမှာတော့ခင်ဗျားပါပဲ။) တစ်ခု ခုက ဆက်သွားနေပါတယ်။ ကျွန်တော် ခင်ဗျားတို့ကို ပြောခဲ့ဖူးပါတယ်။ဒီအပတ် ခင်ဗျားတို့... အဲဒီအရာအားလုံးက ခင်ဗျားတို့အ နားမှာပါပဲ။ ဒါပေမယ့် ကျွန်တော်အဲဒါကိုတော့ ခင်ဗျားတို့အားသတိထားမိစေချင်ပါတယ်။ ကျွန်တော်အာရီတိုးနားဆီသွားဖို့ဒီကနေထွက်သွားမှုပြုစဉ်က သတင်းစကားပို့ဆောင်သူတို့၏ ရူပါရုံထဲက နက္ခတ်တာရာအစုအဝေးအကြောင်းကိုမှတ်မိပါသလား? ‘အဲဒါ က ဘယ်အချိန်နာရီလဲဆရာတို့ရေ?’ လို့ပြောခဲ့တယ်လေ။အဲဒီအကြောင်း ခင်ဗျားတို့မှတ်မိပါသလား?

သတိထားပါ။ အဲဒါကမိုးချုန်းသံကြီးတစ်ခု၏ ပေါက်ကွဲမှုသာဖြစ်ပါတယ်။ ကောင်းကင်တမန်ခုနစ်ပါး ပေါ်လာပါတယ်။အဲ

ဒါဟုတ်တယ်နော်? မိုးချုန်းသံတစ်ခုပေါ်ထွက်လာတော့ သတင်းစကားပို့ဆောင်သူခုနစ်ပါးပေါ်လာပါတယ်။ သူဟာ ပထမတံဆိပ် ကိုဖွင့်စဉ်အခါကျွန်တော်ဟာ သိုးသူငယ်တော်ကို တွေ့မြင်ခဲ့ရပါတယ်။ ပြီးတော့ အဲဒီလို မိုးချုန်းသံတစ်ခုကိုကျွန်တော်ကြားခဲ့ရပါ တယ်။ ပြီးတော့ သတ္တဝါလေးပါးထဲက တစ်ကောင်က 'လာ၍ ကြည့်လော့' ဆိုတာရှိပါတယ်။ သတိထားပါ။ မိုးချုန်းသံတစ်ခုပါ__ ခတ်ပိတ်ထားတဲ့ နောက်ဆုံးနေ့ရက်ကာလအထိဖော်ပြလို့မရနိုင်တဲ့ သတင်းစကားခုနစ်ခုရှိပါတယ်။ ဒီခေတ်ကာလ၌ ဖြစ်တဲ့အရာ ပါ။ ကျွန်တော်ဘာဆိုလိုတယ်ဆိုတာမြင်ပါသလား?

88 ၈၈။ အခုခင်ဗျားတို့ ဒီသီတင်းအပတ်၏ လျှို့ဝှက်နက်နဲတဲ့အပိုင်းကို သတိထားမိပါသလား? အဲဒါက ဘာဖြစ်ပါသလဲ။ အဲဒါက အဲဒီလိုဖြစ်ခဲ့ခြင်းပါပဲ။အဲ့လိုဖြစ်ပြီး လူသားမျိုးနွယ်စုတစ်စု လူတစ်ယောက်တော့မဟုတ်ပါဘူး။ အဲဒါက ဘုရားသခင်၏ကောင်းကင်တမန်တွေဖြစ်ပါတယ်။ အခု ဒီမှာထိုင်နေတဲ့ သက်သေခံပေးနိုင်တဲ့ လူသုံးဦးရှိပါတယ်။ လွန်ခဲ့တဲ့တစ်ပတ်က(တစ်ပတ်လောက် တော့ နည်းနည်းကျော်သွားပါပြီ)ကျွန်တော်တောင်တန်းတွေထဲ ပြန်တက်သွားတုန်းကပါ။ မက္ကဆီကို အနီးကိုပါ။ ဒီမှာ ညီအစ်ကိုနှစ်ယောက်ထိုင်နေပါတယ်။ မြက်သီးတွေ ကပ်ပါလာတာပါ...ကျွန်တော်ဘောင်းဘီခြေထောက်မှာ နောက်ပိုးဆီးတွေကပ်ပါလာ တာပါ။ ပြီးတော့ အဲလိုလေပြင်းတိုက်သလိုမျိုးဖြစ်တာပါ။ကြည့်ရတာ တောင်တွေပြိုကျဖို့ တုန်နေသလိုမျိုးပါပဲ။ အခု အဲဒါက အမှန် ဖြစ်ခဲ့တာပါ။ ကျွန်တော်ကတော့ကျွန်တော့်ညီအစ်ကိုကို လုံးဝမပြောပြခဲ့ပါဘူး။ ဒါပေမယ့် သူတို့ဟာ ကွာခြားချက်တစ်ခုကိုတော့သတိပြုမိခဲ့ပါတယ်။ သူက ကျွန်တော့်ကို 'အခု အဆင်သင့်ပဲ။အရှေ့ဘက်ကို သွားမယ်' ဆိုပြီး ပြောခဲ့ပါတယ်။

ဒီနေရာမှာ အဲဒီရူပါရုံရဲ့အနက်ပြန်ဆိုမှုတစ်ခုရှိနေပါတယ်။ မြင်ပါသလား?အခု ခင်ဗျားတို့ကို သိစေပါမည်။ ဘရာသာ ဘောက်မန်ကတော့ သူပြန်သွားပြီးနောက်မျာ လုပ်စရာအလုပ်တော့မရှိတော့ပါဘူး။ ကျွန်တော်တို့အဲဒါကို သူ့အတွက်တော့ရ အောင်ကြိုးစားပေးခဲ့ကြပါတယ်။ ပြီးတော့သူက 'အခုဒီနေ့ည ခင်ဗျားဆီမှာနိမိတ်လက္ခဏာတစ်ခုရှိနေခြင်းက အဲဒီလိုသူ့မှာတော့ ဘာမှလုပ်စရာအကြောင်းမရှိစေဘူး။ ဒီကောင်းကင်တမန်တို့၏အလည်အပတ်ရောက်လာခြင်းအတွက် ဒီအချိန်မှာ ခင်ဗျားက ခင် ဗျားကိုယ်ခင်ဗျား ဆက်ကပ်အပ်နှံမှုပြုကိုပြုရမည်' လို့ပြောပါတယ်။ကျွန်တော့်အပြင် ကျွန်တော်ခံစားရတာရှိပါတယ်။ ခင်ဗျားတို့ မှတ်ထားကြပါ။ ကျွန်တော်ဟာအနောက်ဘက်မှာနေခဲ့ဖူးပါတယ်။ ကောင်းကင်တမန်တွေက အရှေ့ဘက်ကို ရောက်လာကြပါ တယ်။ သူတို့ရောက်လာကြသလိုသူတို့နှင့်အတူ ကျွန်တော့်ကို ကောက်ချီသွားကြတာဖြစ်ပါတယ်။ ခင်ဗျားတ့ို အဲဒါကို မှတ်မိကြပါသလား?... အရှေ့ဘက်ကိုရောက်လာကြပါတယ်။

89 ၈၉။ ပြီးတော့ဘရာသာဘရက်က ဒီနေ့ည ဒီနေရာမှာ သက်သေခံပေးမည့်သူတစ်ဦးဖြစ်ပါတယ်။ ပြီးတော့ ဘရာသာနော်မန် ကောပါ။ ကျွန်တော်တို့ ရောက်သွားတုန်းက အဲ့လူကိုနေပြီးသူအလုပ်လုပ်လို့ရတယ်ဆိုတဲ့အကြောင်း ကျွန်တော်တိုက်တွန်းကြည့် ခဲ့ပါတယ်။ အဲဒါအမှန်ပဲနော်ဘရာသာနော်မန်? ဟုတ်တယ်။ သူအဲ့မှာအမှန်တကယ်ရပ်တည်မှုပြုခဲ့ပါတယ်။ ကျွန်တော်တိုက်တွန်း ကြည့်ခဲ့ပါတယ်... ဒါပေမယ့် အခုထိ သူကတော့ 'သူအဲဒီလိုလုပ်လို့မဖြစ်' ကြောင်းပြောခဲ့ပါတယ်။ ဘာအကြောင်းမှ ကျွန်တော်မ ပြောခဲ့ပါဘူး။ ရောက်တော့ရောက်ခဲ့ပါတယ်။ အဲ့နေ့ကတဲဘေးမှာ တစ်ခုခုရပ်နေပါတယ်... ခင်ဗျားတို့မှတ်မိနေတယ်နော်။ ဘရာ သာနော်မန်မကြာခင်တစ်ခုခုကို ပြောဆိုနေသလိုမျိုးပါပဲ။ ကျွန်တော် ခင်ဗျားနဲ့ ဘရာသာနော်မန်ကို ခေါ်တယ်လေ(ဘရာသာနော် မန် ဘယ်မှာလဲ? အနောက်မှာနော်)ဝက်သစ်ချပင်အောက်ကို သူတို့အား ခေါ်လိုက်တော့ ဘာဖြစ်သလဲဆိုတာတော့ သူတို့ဘာမှမ ပြောကြပါဘူး။ အဲဒါဟုတ်တယ်နော်? ကျွန်တော်လှည့်ထွက်လာပြီး အဲဒီတဲနောက်ကနေအဝေးကြီးကို အဲ့လိုထွက်သွားတယ်မ ဟုတ်ဘူးလား?အဲဒါမှန်သလား? ဘာဖြစ်လို့လဲဆိုရင်ဒါက အဲ့ဒီလိုဖြစ်လို့ပါပဲ__ အတိအကျ အဲ့အတိုင်းဖြစ်ခဲ့တာပါ__ ဘာမှမဖြစ် ခင်အထိတော့အဲဒါကိုဘာမှကျွန်တော်ပြောလို့ မရနိုင်သေးဘူးဆိုတာကို သိပါတယ်။ လူတွေက အဲဒါကို နားလည်မယ်ဆိုရင်တော့သိကြရပါမည်။

90 ၉၀။ အဲဒီကောင်းကင်တမန်တစ်ပါးကိုခင်ဗျားတို့သတိပြုမိပါသလား။ အဲ့မှာ ကျွန်တော်ပြောခဲ့ပါတယ်။ ထူးဆန်းတဲ့ကောင်းကင် တမန်တစ်ပါးမဟုတ်ဘူးလား? သူက ကျန်တဲ့လူတွေထက် ကျွန်တော့်ကိုပဲ အသားပေးပြီးကြည့်နေခဲ့တာပါ။ အဲ့ဒါကို ခင်ဗျားတို့ မှတ်မိကြတယ်နော်? သူတို့ဟာ ကြယ်တာရာအစုအဝေးတစ်ခုထဲမှာ ရှိနေကြပါတယ်__ တစ်ဖက်မှာက သုံးပါးထိပ်မှာကတစ်ပါးပါ။ ကျွန်တော့်ဘေးမှာက ဒီလိုတစ်ပါးက အမှန်ရှိနေပါတယ်။ ဘယ်ဘက်ကနေ ညာဘက်အထိ ရေကြည့်တော့ ကောင်းကင်တမန်ခုနစ်ပါးရှိပါတယ်။ သူဟာတောက်တောက်ပပရှိနေပါတယ်။ ကျန်တဲ့လူတွေထက် ကျွန်တော့်ကိုပဲ စကားပြောနေသလိုမျိုးပါ။ ခင်ဗျား တို့ မှတ်မိကြတယ်နော်။ သူ့မှာ အဲ့လိုရင်အုတ်ရှိတယ်လို့ ကျွန်တော်ပြောခဲ့ပါတယ်။အရှေ့ဘက်ကို ပျံထွက်သွားပါတယ်။ အဲ့လိုဖြစ် တာကို ခင်ဗျားတို့ မှတ်မိကြတယ်နော်? ကျွန်တော်က 'ကျွန်တော့်ကိုချီပြီး မသွားပြီ' လို့ ပြောခဲ့ပါတယ်။ အဲဒါကို ခင်ဗျားတို့မှတ်မိပါ သလား?

91 ၉၁။ ဒါကဒီလိုပါ။တ့ဆိပ်ခုနှစ်ခုနှင့်အတူ တစ်ခုသောအရာရှိနေပါတယ်။ အဲဒီအရာကို ကျွန်တော်အသက်တာတစ်ခုလုံးမှာအံ့သြခဲ့ရတာဖြစ်ပါတယ်။ အာမင်။ အခြာတံဆိပ်တွေကလည်း ကျွန်တော်ကို အများကြီးစကားပြောခဲ့ပါတယ်။တကယ်ပါ။ ဒါပေ မယ့်၊ အို၊ အရာရာရဲ့ဆိုလိုရင်းကို ခင်ဗျားတို့ မသိကြပါဘူး။ ဘဝမှာ တစ်ခုသောအချိန်နာရီအတွက်....ကျွန်တော်ဆုတော့ တောင်း ထားပါတယ်။ ကျွန်တော်ဘုရားသခင်ထံ ငိုကြွေးထားတာရှိပါတယ်။အဲဒီဖုန်းနစ် အစည်းအဝေးပြီးနောက် ကျွန်တော်အပါအဝင် အဲဒီကဘယ်သူမဆို သိကြပါတယ်။ ကျွန်တော်တောင်တွေတက်ခဲ့ရပါတယ်။ တစ်ခုသောမနက်မှာ ကျွန်တော်ရောက်သွားခဲ့ပါ တယ်။ ဆန်ဘီနို၊ ကန်တောင်တန်းတွေပါပဲ။ အဲဒီကို ကျွန်တော်ရောက်ခဲ့ပါတယ်။ ခင်ဗျားတို့ ရှေ့ကတက်ဖူးရင် ခြေရာတော့နဲနဲပါးပါးကျန်ပါမယ်။ မိုင်သုံးဆယ်သွားရတဲ့ လမ်းမန်းတောင်ဆီသို့ တက်သွားခဲ့တာပါ။ အဲမှာနှင်းထုက ပေသုံးဆယ်လောက်ရှိ ပါမည်။

92 ၉၂။ ဒါကြောင့်မိုးမလင်းခင် ခပ်စောစောတောင်ပေါ်သို့ တက်ခဲ့ကြပါတယ်။ တက်တဲ့လမ်းတောက်လျှောက်

ဒီလိုခြေရာလေးကကျန်နေပါမယ်။ တောက်လျှောက် ကျောက်တွေကြွေကျတက်ပါတယ်။ ကျွန်တော်ဒီအတိုင်း လှည့်ပြန်ရမလားဆိုပြီးခံစားရပါတယ်။ ကျွန်တော်လှည့်ပြီး ကျောက်အငူကြီးတွေဆီသို့ တက်ဖူးခဲ့ပါသည်။ ကျွန်တော်ဒီကျမ်းစာအုပ်ကိုချထားပြီးဒီစာအုပ်ကို ချ ထားတာပါ။ __ဒီစာအုပ်လေးကိုပါ။ကျွန်တော်က 'ဘုရားသခင်ထာဝရဘုရားဒီရုပ်ပုံက ဘာကိုဆိုလိုတာလဲ?' လို့ မေးခဲ့ဖူး ပါတယ်။ ကျွန်တော်က 'ဘုရားသခင်၊ အဲဒါကကျွန်တော်သေတော့မယ်လို့ ဆိုလိုတာလား?' ဟုမေးခဲ့ပါသည်။ (ကျွန်တော်သေ ချင်လည်း သေတော့မှာဖြစ်တယ်လို့ တွေးမိကြောင်းကို ခင်ဗျားတို့အားပြောခဲ့တာကို ခင်ဗျားတို့ မှတ်မိကြပါသလား။ ဘာဖြစ်လို့လဲ ဆိုရင် တစ်ခုခုကပေါက်ကွဲပြီးကျွန်တော်ကို တစစီဖြစ်အောင် လွှပ်ရှားသွားတဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ ခင်ဗျားတို့မှတ်မိကြတယ်နော်။ ဘယ်နှစ်ယောက်လောက်သိကြပါသလဲ?....အဲဒီအကြောင်းကြားဖူးတယ်နော်။သေချာပါတယ်။ ခင်ဗျားတို့အားလုံးပါ ပါတယ်။) အဲဒါက ကျွန်တော်သေမယ်လို့ဆိုလိုတယ်လို့ ကျွန်တော်တွေးခဲ့မိပါတယ်။

ဒီနောက် အခန်းထဲမှာ ကျွန်တော် 'အဲဒါဘာဖြစ်တာလဲ၊ ဘုရားသခင်? အဲဒါကဘာအဓိပ္ပါယ်လဲ? အဲဒါက ကျွန်တော်သေ တော့မယ်လို့ ဆိုလိုတာလား? တစ်ကယ်လို့ အဲဒီလိုဆိုရင်၊ ကောင်းပါပြီ။ကျွန်တော် ကျွန်တော့မိသားစုကိုတော့ မပြောပါဘူး။ အခု ကျွန်တော်ကိုသွားခွင့်ပြုပါ။ ကြည့်ပါ။ကျွန်တော်အလုပ်က ပြီးပြီဆိုရင်' ဆိုပြီးဆုတောင်းခဲ့ပါတယ်။ ပြီးတော့ ကျွန်တော်ပြောဖူးပါ တယ်... အခု အဲဒါက ဘာဖြစ်ပါသလဲ? ဒါပေမယ့် ကိုယ်တော်ဟာ သက်သေခံသောအရာတစ်ခုကို တစ်ဖန် စေလွှတ်တော်မူခဲ့ပါတယ်__ ခင်ဗျားတို့ကို ပြောပြခဲ့ဖူးပါတာကိုခင်ဗျားတို့ မှတ်မိပါသလား__ ဒါပေမယ့် အဲဒါကအဲ့လိုမဟုတ်ရင် အဲ့ဒါထပ်ပြီး ကျွန် တော်အလုပ်ဆက်လုပ်ရမယ့်ကိစ္စတစ်ခုတော့ရှိနေခဲ့ပါပြီ။

93 ၉၃။ အို!အဲဒါကို ခင်ဗျားတို့ရကြပါသလား။ တွေ့လား?Sabino Canyon မှာ ရှိနေတုန်းကပါ__ကောင်းကင်ဗိုလ်ခြေဖဘုရားသခင်က ထိုအရာကို သိကျွမ်းတော်မူပါတယ်__ခင်ဗျားတို့ ထိုအရာကိုပြည့်စုံမည်လို့ မှန်မှန်ကန်ကန်မြင်နေရသ၍ ထိုကောင်းကင်တမန်တွေအမှန်တကယ်ရောက်လာပြီး သတင်းစကားတိုင်းကို ပြောင်းလဲခြင်းမရှိ၊ အခိုင်အမာသက်သေထူပေးပါမည်။ဒီနောက် ဘယ်အရာက ဘုရားသခင်ဆီကလာတယ်၊ ဘယ်အရာက လာတာမဟုတ်ဘူးဆိုတာကို ခင်ဗျားတို့ သိကြရပါမည်။ထိုသို့သောအ ရာကို ခင်ဗျားတို့အားတစ်ခုသောရုပ်ပုံအားဖြင့် ကြိုတင်ဟောပြောခဲ့ပြီးသားဖြစ်ပါတယ်။အစည်းအဝေးရုတ်သိမ်းပြီးချိန်အထိတော့ ခင်ဗျားတို့ကို ကျွန်တော်မပြောပြနိုင်သေးပါဘူး။ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်တားမြစ်ခံရစရာအကြောင်း ရှိလို့ပါ။

SabinoCanyon မှာရှိတုန်းက အဲဒီမနက် အဲ့မှာထိုင်နေတုန်း ကျွန်တော့်လက်ကို ကျွန်တော်မြှောက်လိုက်တော့လေက ကျွန်တော့်ရဲ့ဦးထုပ်ဟောင်းအမည်းရောင်ကို တိုက်ချပစ်လိုက်တော့ ကျသွားခဲ့ပါတယ်။ အဲ့မှာကျွန်တော့်လက်ကိုမြှောက်ပြီး မတ်တပ်ရပ်ပြီးလည်း ဆုတောင်းမှုပြုခဲ့ပါတယ်။ ကျွန်တော်က 'ဘုရားသခင်ထာဝရဘုရား ဒါကဘာအဓိပ္ပာယ်လဲ? အဲဒါကို ကျွန်တော် တော့ နားမလည်ပါဘူး။ ဘုရားသခင် ကျွန်တော်ဘာလုပ်ရမှာလဲ? တကယ်လို့ ကျွန်တော်အိမ်ပြန်ရမည့်အချိန်ဆိုရင်လည်းသူတို့ ကျွန်တော်ကိုလုံးဝရှာမတွေ့နိုင်တဲ့နေရာကို ကျွန်တော့်ကိုခေါ်သွားပေးပါ။ ကျွန်တော်သေမယ်ဆိုရင်လည်းဘယ်သူ့ကိုမှကျွန်တော်ငိုကြွေးမြည်တမ်းမှုမပြုစေလိုပါဘူး။ ကျွန်တော်မိသားစုကို ဖြစ်စေချင်တာက ကျွန်တော်တစ်နေရာကိုလမ်းလျှောက်သွားတာဖြစ် မယ်ဆိုပြီးတော့ပဲ စဉ်းစားချင်လို့ပါ။ သူတို့ ကျွန်တော့်ကို ရှာမတွေ့အောင်လုပ်ပေးပါ။ ကျွန်တော့်ကို အဝေးတစ်နေရာရာမှာ ဂုက် ပေးပါ!ကျွန်တော်အဝေးကို ဆက်သွားရမယ်ဆိုရင် ဘာကြောင့်အခု ကျွန်တော်သွားခိုင်းရပါသလဲ။ ဒီမှာထားထားတဲ့ကျမ်းစာအုပ် ကို ယောသပ်အား ရှာတွေ့ခွင့်ပေးသနားတော်မူပါ။ အဲဒါကို သူ့အား သုံးခွင့်ပြုပါ။[တွေ့လား?] ကျွန်တော်သွားရတော့မယ်ဆိုရင်ကျွန်တော့်ကို သွားခွင့်ပေးပါတော့ ဘုရားသခင်' လို့ဆုတောင်းခဲ့တာပါ။

94 ၉၄။ ကျွန်တော်ဟာကျွန်တော့်လက်ကို ဆန့်ထုတ်လိုက်တော့ တစ်ခါတည်းနဲ့ တစ်စုံတစ်ခုသောအရာက ကျွန်တော့်လက်ကိုအားလုံးရိုက်ချပစ်လိုက်ပါတယ်။ ကျွန်တော်လည်း မသိပါဘူး။ ကျွန်တော်လည်း မပြောတတ်ပါဘူး။ ကျွန်တော်အိပ်ပျော်သွားတာ လား?ကျွန်တော်တော့ မသိတော့ပါဘူး။ ကျွန်တော်မျောသွားတာလား? ကျွန်တော်မသိတော့ပါဘူး။ အဲဒါက ရုပ်ပုံတစ်ခုလား? ကျွန်တော် ခင်ဗျားကို မပြောပြနိုင်တော့ပါဘူး။ကျွန်တော်ပြောနိုင်တဲ့ တစ်ခုတည်းသောအရာ ကျွန်တော့်ဆီကနေ... ချက်ချင်း သူ တို့ဟာ ကောင်းကင်တမန်တွေလို့ ဖြစ်သွားကြတာပါ။ ကျွန်တော့်လက်ကိုအဲဒါက ရိုက်ထည့်လိုက်တာပါ။ ကျွန်တော်ကြည့်လိုက်တော့ အဲဒါက ဓားရှည်တစ်လက်ဖြစ်နေပါတယ်။ အဲဒါက ပုလဲစီထားတဲ့လက်ကိုင်နဲ့ပါ__ တကယ့်ကို လှပ်မှုရှိပါတယ်။ပြီးတော့ အဲဒါကို ရွှေနဲ့အနားကျပ်ထားပါတယ်။ ကြည့်လိုက်ရင် ပြောင်လက်နေသလိုမျိုးပါ။ခရိုမီယမ်လိုတစ်ခုခု ဖြစ်ပါမည်။ တကယ့်ကို တောက်ပမှုကတော့ ငွေလိုမျိုးဖြစ်ပါတယ်။ အဲဒါက ငှက်တောင်အလွှာလို သိပ်ကိုထက်တဲ့အရာဖြစ်ပါတယ်။အို ကျွန်တော်! ပြီး တော့ ကျွန်တော် 'အဲဒါက အလှပဆုံးမဟုတ်ဘူူးလား?' ဆိုပြီးတော့ တွေးမိပါတယ်__ ချက်ချင်း ကျွန်တော့်လက်ထဲမှာရောက် လာပါတယ်။ ကျွန်တော်က 'အဲဒါက ကြောက်စရာကောင်းအောင်ကိုလှလိုက်တာ' လို့တွေးနေမိခဲ့ပါတယ်။ဒါပေမယ့် ကျွန်တော် က 'ဟေး ငါတော့ အဲဒီအရာတွေကိုအမြဲရောက်ခဲ့ဖူးတာပဲ' လို့ ပြောခဲ့ပါတယ်။ဓားတစ်ချောင်းဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော် တွေးမိတာက 'အဲဒါနဲ့ ကျွန်တော်ဘာလုပ်ရမလဲ?' ဆိုပြီးတော့ပါ။

ပြီးတော့ ဒီနောက်ချက်ချင်းကျောက်ပေါ်ကျောက်ရိုက်တဲ့ အသံတစ်သံ အဲဒီမှာရိုက်ခတ်သွားပါတယ်! 'အဲဒါက ဘုရင်မင်းကြီးရဲ့ဓားဖြစ်တယ်!' လို့ ပြောပါတယ်။ ပြီးတော့ ဒီနောက် အဲ့လိုဖြစ်တာကနေကျွန်တော်လွှတ်မြောက်လာပါတယ်။ 'ဘုရင်ရဲ့ဓား' ဆိုပြီးတော့ပါ။ အခု အဲဒါက 'ရှင်ဘုရင်ရဲ့ဓား' လို့ပြောထားတာဆိုရင်... ဒါပေမယ့် အဲဒါက 'ဘုရင်ကြီးရဲ့ဓား' လို့ပြောထားတာဖြစ် ပါတယ်။ အဲ့မှာ 'အရှင်မင်းကြီး' ဆိုတဲ့ တစ်ခုတည်းသောစကားက 'အဲဒီဘုရားသခင်' ပဲဖြစ်တော်မူပါမည်။ ကိုယ်တော်ရှင်၌ ဓား တစ်လက်ရှိတော်မူပါတယ်။အဲဒါက သူ့ရဲ့နှုတ်ကပတ်တော်ပဲဖြစ်ပါတယ်__အဲဒီအရာအားဖြင့် ကျွန်တော်တို့ရှင်သန်နေကြရခြင်း ဖြစ်ပါတယ်! ဒါကြောင့် ကျွန်တော့်ကိုမစတော်မူခြင်းဖြစ်ပါတယ်။ ဘုရားသခင်က... သူ့ရဲ့သန့်ရှင်းသောစားပွဲပေါ်မှာ ဒီလိုတင်ထားတဲ့ ဒီသန့်ရှင်းသောနှုတ်ကပတ်တော်နှင့်အတူ မတ်တပ်ရပ်နေခြင်းဖြစ်ပါတယ်။ အဲဒါက နှုတ်ကပတ်တော်ဖြစ်ပါတယ်။အာမင်!

95 ၉၅။ အိုကျွန်တော်ဟာနေ့ရက်ကာလတစ်ခုမှာ အသက်ရှင်နေကြရပါတယ်! ကြီးမြတ်တဲ့အရာတစ်ခုဖြစ်ပါတယ်! လျှို့ဝှက်ချက်နှင့်နက်နဲမှုကို မြင်ရပါသလား?တတိယက... အဲ့မှာရပ်နေတာပါ။ ဒီအပြစ်က ကျွန်တော့်ဆီကထွက်သွားတဲ့အခါကျွန်တော့်ဆီကို တစ်စုံတစ်ခုက ချက်ချင်းရောက်လာပြီး ‘မကြောက်နဲ့’ လို့ပြောပါတယ်။ အခု ကျွန်တော်ဘာအသံမှမကြားရတော့ပြန်ပါဘူး_ ကျွန် တော့်အတွင်းထဲမှာ စကားပြောနေသလိုမျိုးပါ။ ကျွန်တော်အခု ခင်ဗျားတို့ကို သမ္မာတရားအကြောင်းကိုပြောနေတာပါ။ အခု အတိ အကျဖြစ်ခဲ့တဲ့အရာတွေပါ။ တစ်ခုခုက ရိုက်လိုက်ပြီး ‘မကြောက်ပါနဲ့။ ဒါက တတိယမြောက်အံ့ဆွဲပဲ’ လို့ ပြောပါတယ်။

တတိယမြောက်အံ့ဆွဲပါ။အဲဒါကို ခင်ဗျားတို့ မှတ်မိကြတယ်နော်?သူက ‘သင်ဒီအကြောင်းအရာပေါ်မှာအယောင်ဆောင်တဲ့လူအများကြီးကို ပိုင်ဆိုင်ခဲ့ဖူးမယ်။ သင်အဲဒါကို ရှင်းပြဖို့ ကြိုးစားခဲ့ဖူးတယ်’ လို့ပြောလိုက်ပါတယ်။ ‘ဒါကို ကြိုးစားကြည့်ဖို့ မလုပ် နဲ့’ လို့ ပြောပါတယ်။ အဲဒါကို ခင်ဗျားတို့ မှတ်မိတယ်နော်? အဲဒီရူပါရုံကို ဘယ်နှယောက်လောက်မှတ်မိပါသလဲ? ဘာကြောင့်လဲဆို ရင် အဲဒါအားလုံးပြီးသွားပြီဖြစ်လို့ပါ။အဲဒါအားလုံးတိပ်ခွေအဖြစ် နေရာအနှံ့ကို ရောက်သွားခဲ့ပြီးဖြစ်တဲ့အတွက်ကြောင့်ပါ။ အဲဒါက ခြောက်နှစ်လောက်ကြာခဲ့ပါမည်။ ခုနစ်နှစ်လောက် ရှိနေပါပြီ__ အဲဒါက ခုနစ်နှစ်လောက်ကြာခဲ့ပါပြီ။ ‘အဲဒါကိုရှင်းပြဖို့ကြိုးစားမ နေပါနှင့်။’ လို့ ပြောခဲ့ပါတယ်။ ‘ဒါက သုံးခုမြောက်အံ့ဆွဲပဲ။ဒါပေမယ့် အဲဒီမှာ ငါသင်နှင့် တွေ့ရဦးမှာပဲ။’ လို့ပြောပါတယ်။ အဲဒါ ဟုတ်တယ်နော်။ ကိုယ်တော်က ‘ကြိုးစားမနေနဲ့...’ လို့မိန့်တော်မူတာဖြစ်ပါတယ်။

96 ၉၆။ ကိုယ်တော်နဲ့ကျွန်တော်စကားပြောနေတဲ့အချိန်မှာ ကျွန်တော်ဟာ ကလေးဖိနပ်လေးတစ်ရံစီးပြီး မတ်တပ်ရပ်နေတာဖြစ်ပါတယ်။ ‘အခု သင်၏ပထမအံ့ဆွဲကိုပြုပြင်လော့။ သင်လုပ်ဆောင်စဉ်အခါ ငါးဟာ မျှားပြီးတာနဲ့ ပြေး၍ရောက်လာမည်ဖြစ်တယ်’ လို့ မိန့်တော်မူပါတယ်။ ‘ဒီနောက် ဒုတိယအံ့ဆွဲကို ကြည့်လော့။’ ဟု မိန့်တော်မူပါတယ်။ ‘အဘယ်ကြောင့်ဆိုသော် ငါးသေးကိုသာ မိမည်။’ ဟု မိန့်တော်မူပါတယ်။ ‘ဒီနောက် တတိယအံ့ဆွဲမှာ ထိုသို့သောအရာရှိတယ်’ လို့ မိန့်တော်မူပါတယ်။

ပြီးတော့ အမှုတော်ဆောင်တွေအားလုံးဟာဝိုင်းပြီး ‘ဘရာသာဘရမ်ဟမ်ဆရာလုပ်နိုင်တယ်ဆိုတာ ကျွန်တော်တို့သိ တယ်။ ဟာလေလုယာ ဆရာ။ ဘရာသာဘရမ်ဟမ်’ ဆိုပြီး ပြောကြပါတယ်။ (အဲ့နေရာမှာ ကျွန်တော်အမြဲကပ်နေတတ်ပါတယ်__ တရားဟောဆရာ အစုအဝေးတစ်ခုနဲ့အတူအမြဲရှိနေတတ်တာပါ။ ကျွန်တော်သူတို့ကို ချစ်ပါတယ်။ သူတို့က ဘယ်အရာကိုမဆို ခင်ဗျားတို့ကိုရှင်းပြပေးစေချင်တဲ့စိတ်ရှိပါတယ်__ဒီပဲဖြစ်ဖြစ် ဟိုဟာပဲဖြစ်ဖြစ်ပါ။)

97 ၉၇။ ပြီးတော့ကျွန်တော်က ‘ကောင်းပြီ’ ဆိုပြီး ‘ကျွန်တော်တော့မသိတော့ဘူး’ ဟု ပြောခဲ့ပါတယ်။ ‘ငါးဖမ်းကတော့ကျွန်တော်နားလည်’ ကြောင်းပြောပြခဲ့ပါတယ်။ကျွန်တော်က ‘အခု ပထမတစ်ခုကိုခင်ဗျားလုပ်တယ်... အဲဒီအတိုင်း အဲဒါကို လုပ်ခဲ့ခြင်းဖြစ်ပါတယ်။ ငါးအားလုံးဝိုင်းလာတာကို ခင်ဗျားတို့ မြင်ရပါမည်။ ခင်ဗျားတို့ရဲ့ငါးမျှားတံ တဆတ်ဆတ်လှုပ်လာပါမည်။(ကောင်းပါပြီ။ အဲ ဒါက ငါးဖမ်းနည်းအတတ်ပညာ အတိအကျပါပဲ။) ဒါကြောင့် ကျွန်တော်မျှားထားတာကလှုပ်လာတယ်။’ လို့ ပြောခဲ့ပါတယ်။အခု ပထမအကြိမ်မျှားထားတာကို ကျွန်တော်ထိုးကြည့်လိုက်တော့ ခင်ဗျားတို့မြင်ရပါမည်။ အခုအဲဒီနောက် ငါးကိုမိပါပြီ။ ဒါပေမယ့် သူ တို့က သေးသေးလေးတွေပါ။ အဲဒါက သူတို့လို ငါးမျှားခဲ့ကြတာဖြစ်ပါတယ်။ဒါနဲ့ အဲဒီနောက် ကျွန်တော်က ‘ဒီနောက် ခင်ဗျားတို့ထိုင်ပြီး...’ လို့ဆိုတာ ကမ်းခြေမှာထွက်ပြီး အဲဒါကို ကျွန်တော်စမ်းကြည့်ခဲ့ပါတယ်။ပြီးတော့ ကျွန်တော်ငါးတစ်ကောင်မိခဲ့ပါတယ်။ ဒါပေမယ့် မျှားတားအသားစတစ်ခုလိုတော့ ကြည့်နေရပါတယ်။အဲဒါကအခု... သေးတော့သေးပါတယ်။ ဒီနောက် အဲ့မှာ ကျွန်တော်ရပ်နေတုန်း တစ်ခုခုက ‘အဲဒီလိုမလုပ်နဲ့လို့မင်းကို ငါပြောတယ်လေ’ ဟု ပြောလိုက်ပါတယ်။ပြီးတော့ ကျွန်တော်ငိုစရာအကြောင်း တော့ အစပြုခဲ့ရပါပြီ။

ဒီလိုမျိုးကြိုးတစ်ချောင်းလုံးကကျွန်တော်ကို ရှုပ်ယှက်မခတ်အောင် ရစ်ပတ်ထားတာဖြစ်ပါတယ်။ ကျွန်တော်က... အဲ့လို ကျွန်တော်ခေါင်းကို ငိုက်စိုက်ချထားပြီး မတ်တပ်ရပ်လျက်ငိုရပါတော့သည်။ကျွန်တော်က ‘ဘုရားသခင် အိုကျွန်တော့်ကိုခွင့်လွှတ် ပါ။ ကျွန်တော်က အသုံးမကျတဲ့လူတစ်ယောက်ပါ။ ကိုယ်တော် ကျွန်တော့်ကို ခွင့်လွှတ်တော်မူပါ။’ ဟုပြောခဲ့ရပါတယ်။ ဒီပိုက်ကြိုး နဲ့ အဲဒါကကျွန်တော့်အိမ်မှာဖြစ်နေတာပါ။ ကျွန်တော့်လက်ထဲမှာပဲ ကျွန်တော်ပိုင်ဆိုင်ထားတဲ့အရာပါ။ကလေးစီးဖိနပ်လေးတစ်ရံ ပါပဲ။ အဲဒါက ကြာလောက်ပြီဖြစ်ပါတယ်။ ကျွန်တော့်မှာ ရှိခဲ့ဖူးပါတယ်။ကြိုးက ကျွန်တော်လက်ချောင်းလောက်တော့ ရှိပါမည်။ လက်မဝက်လောက်ရှိပါမည်။ ဒီဖိနပ်လေးမှာပါတဲ့မျက်လုံးလေးက ဘယ်လောက်အရွယ်အစားရှိမလဲဆိုရင်... ဆယ်ခြောက်ထက် တော့ ဆေးပါမည်။ ဆေးနိုင်ပါတယ်။ တစ်လက်မထက်ဆေးနိုင်ပါတယ်။မျက်စိလေးပါတယ်။ ကျွန်တော်ဟာ ဒီလိုခပ်ကြီးကြီးကြိုး ကို ကျစ်ပြီးတော့ ဒီဖိနပ်လေးမှာဇာတပ်ဖို့ကလည်း ကြိုးစားကြည့်ခဲ့ဖူးပါတယ်။

ပြီးတော့ အသံတော်ကရောက်လာပြီး ‘သင်ပန်တီကော်စတယ်ကလေးတွေကိုသဘာဝလွန်ဖြစ်အင်တွေအကြောင်း သွန်သင်လို့မရနိုင်ဘူး’ ဟု မိန့်တော်မူပါတယ်။ ‘အခု သူတို့ကို သီးသန့်ထားတာလိုက်တော့’ ဟု ပြောပါတယ်။

98 ၉၈။ ပြီးတော့ချက်ချင်းအဲဒီနောက်မှာ ကိုယ်တော်ဟာ ကျွန်တော့်ကို ကောက်ချီသွားခဲ့ပါတယ်။ ကိုယ်တော်ကကျွန်တော့်ကို ချီပြီးတော့ ခပ်မြင့်မြင့်နေရာမှာ ထိုင်စေခဲ့ပါတယ်။ အဲ့မှာ တွေ့ဆုံရစရာအကြောင်းတစ်ခုတော့ရှိခဲ့ပါတယ်__ ကြည့်ရတာတဲတစ်ခုလိုလို ဘုရားကျောင်းတစ်ခုလိုလို တွေ့ရပါတယ်။ ကျွန်တော်ကြည့်လိုက်တော့ အဲ့မှာ သေတ္တာလေးလိုအရာတစ်ခုရှိနေပါတယ်။ ဘေးမျက်နှာပြင်ပေါ်မှာ နေရာလေးတစ်ခုရှိပါတယ်။ ကျွန်တော်မြင်ရတဲ့အဲဒီအလင်းတန်းဟာ ကျွန်တော်ခေါင်းပေါ်က တစ်စုံတစ်ယောက်သောသူနှင့် စကားပြောနေပါတယ်__ အဲဒီဓာတ်ပုံပေါ်မှာရှိတဲ့အဲဒီအလင်းတန်းကို ခင်ဗျားတို့မြင်ကြပါမည်။ အဲဒါက ကျွန်တော့်ဆီကနေ ခပ်ဝေးဝေးတစ်နေရာမှာသွားလည်နေပါတယ်။ အဲ့လိုမျိုးပါ။ အဲဒီတဲလို့နေရာဆီ ရောက်သွားတော့ ‘သင့်ကို အဲ့ဒီမှာတွေ့ဆုံမည်’ လို့ပြောပါတယ်။ ‘ဒါဟာ တတိယမြောက်အံ့ဆွဲပဲဖြစ်တယ်။ ဘယ်သူ့ကိုမှသင်ပြောလို့မဖြစ်ဘူး’ ဟု ပြောပါတယ်။

SabinoCanyon မှာဖြစ်ခဲ့တာပါ။ ကိုယ်တော်က ‘ဒါဟာ တတိယမြောက်အံ့ဆွဲပဲ’ လို့မိန့်တော်မူပါတယ်။ ထိုသို့သောအရာ

နှင့်အတူကြီးမြတ်တဲ့အရာသုံးခု အဲ့မှာဖြစ်လာစရာအကြောင်း ရှိတယ်။ ပြီးတော့ ဒီကနေ့မှာ ခေါက်လိပ်မထားတဲ့တစ်ခုရှိတယ်... ဒါ မှမဟုတ် မနေ့ကပါ။ ဒီကနေ့မှာတော့ ခေါက်လိပ်မထားတော့တဲ့ အခြားတစ်ခုရှိနေပါပြီ။အဲဒီတစ်ခုကို ကျွန်တော်အနက်ဖွင့်ဆိုမပြ နိုင်တဲ့အကြောင်းက နားမလည်တဲ့ ဘာသာစကားတစ်ခုဖြစ်နေတဲ့အတွက်ကြောင့်ပါ။ဒါပေမယ့် အဲ့မှာ ကျွန်တော်အမှန်တယ်ရပ်ပြီး အဲဒီတည့်တည့်ကို အမှန်ကြည့်လိုက်တော့ ဒီတတိယမြောက်အံဆွဲကရောက်လာပါတယ်။ ပြီးတော့ ဘုရားသခင်၏သန့်ရှင်းသော ဝိညာဉ်တော်ဖြစ်နေပါတယ်... အို... ကျွန်တော်! အဲဒါက ကောင်းကင်တစ်ခုလုံး တိတ်ဆိတ်နေတဲ့အကြောင်းအရင်းပါပဲ!

99 ၉၉။ အခုအမှန်တကယ် ဒီမှာရပ်လိုက်တာက ကျွန်တော်ပိုကောင်းပါတယ်။ ကြည့်ပါ။ ကျွန်တော် အခုအဲဒီအကြောင်းစစ်ဆေး ပြီး၍ ဘာမှထပ်ပြောစရာမရှိတော့ပြီဟု ခံစားနေရပါပြီ။ တွေ့လား? ဒါကြောင့် အခု မှတ်ထားကြပါ။ သတ္တမမြောက်တံဆိပ်မပွင့်တာအကြောင်းရှိပါတယ်။ ကိုယ်တော်က အဲဒီအကြောင်းကို ဖွင့်မပြတာဖြစ်ပါတယ်။ အဲဒီအကြောင်း ဘယ်သူမှလည်းမသိသင့်ပါဘူး။ကျွန်တော်ကတော့ ခင်ဗျားတို့ကို သိစေချင်ပါတယ်။ အဲဒီအကြောင်းဘာတစ်ခွန်းမှ ကျွန်တော်မသိသေးခင်အချိန်တုန်းကပါ။ အဲဒီ ရူပါရုံက လွန်ခဲ့သောနှစ်ကာလတွေက ရောက်လာခဲ့တာဖြစ်ပါတယ်။ ခင်ဗျားတို့အဲဒါကို မှတ်မိပါသလား? ဒီနေရာမှာ အဲဒါကအခု ဒီအခြားကိစ္စတစ်ခုလိုပါပဲ__နူတ်ကပတ်တော် အတိအကျရှိတဲ့နေရာထဲကို တန်းတန်းမတ်မတ်နဲ့ မှန်မှန်ကန်ကန်ရှောဝင်သွားတာဖြစ်ပါတယ်။ ဘုရားသခင်က ကျွန်တော့်နှလုံးသားကို သိကျွမ်းတော်မူပါတယ်။ ကျွန်တော်တစ်ကြိမ်တစ်ခါမှအဲ့လိုကိစ္စမျိုးကိုမတွေ့ ခဲ့မိတာပါ။ အဲဒါက ဒီလိုရှိနေတာပါ။ ကျွန်တော်တို့ ထင်တာထက်အဲဒါကို ပိုနောက်ကျပါမည်။ အို ကျွန်တော်! အခု အဲဒါက ဘုရား သခင်ဆီကလာတယ်လို့ ပြသလျက်ရှိပါတယ်။မြင်ရတာအတွက်တော့ အဲဒါဟာ သတင်းစကားအဆုံးကနေလာတဲ့ ဘုရားသခင်၏ ကတိတော်များ၌ အတိအကျကွက်တိကျနေတဲ့အရာဖြစ်ပါတယ်။

ခင်ဗျားတို့သတိပြုပါ။ အခု သတိထားကြည့်ပါ။ အဆုံးသတ်သတင်းစကား၏ အချိန်နာရီဖြစ်တဲ့အတွက်ကြောင့်ပါ။ဒီတံ ဆိပ်က... အရာအားလုံးပြီးဆုံးတဲ့နောက်မှာ... ကိုယ်တော်ဟာ တံဆိပ်ခြောက်ခုလုံးကို ရှင်းလင်းဖွင့်ဆိုပြတော်မူခဲ့ပါတယ်။ဒါပေ မယ့် သတ္တမမြောက်တံဆိပ်အကြောင်းကိုတော့ ဘာတစ်ခုမှ မိန့်တော်မူထားတာမရှိပါဘူး။အဆုံးသတ်- အချိန်နာရီ၏တံဆိပ်ကို အစပြုလိုက်တာနဲ့ ကျမ်းစာအရကတော့ လျှို့ဝှက်နက်နဲမှုတစ်ခုဟာလုံးဝဥဿုံပေါ်ထွက်လာရပါတယ်။ ထိုအရာကို မသိရခင်...ပြီးတော့ မှတ်ထားကြပါ။ ဗျာဒိတ်ကျမ်း ၁၀း ၁-၇ (၁ ကနေ ၇ ထိပါ။ အခန်းကြီး ၁၀း၁ ကနေ၇ ထိဖြစ်ပါတယ်။) သတ္တမမြောက် ကောင်းကင်တမန်၏အဆုံးသတ်သတင်းစကားပို့ဆောင်ခြင်း၌ ရှိပါမည်။ အလုံးစုံသောဘုရားသခင်၏ လျှို့ဝှက်နက်နဲမှုအပေါင်းကို သိရှိကြရပါမည်။ ကျွန်တော်တို့ဟာ အဆုံးသတ်အချိန်နာရီ၌ ရှိနေကြခြင်းဖြစ်ပါတယ်__ သတ္တမမြောက်တံဆိပ်ကိုဖွင့်လှစ်မှုပြု ခြင်းပင်ဖြစ်ပါတယ်။

100 ၁၀၀။ အခုအခြားသောနေ့ရက်ကာလကို မည်သို့ကျွန်တော်သိခဲ့ရတာပါလဲ__ နောက်ဆုံးတနင်္ဂနွေကပါ။ ဒီကနေ့ တစ်ပတ် လောက်တော့ ရှိသွားပါပြီ။ ကျွန်တော် ‘နှိမ့်ချတတ်ကြပါ။ နှိမ်ချခြင်းရှိကြပါ။ ဘုရားသခင်ကသေးသေးမွှားမွှားလေးတွေနဲ့ အချိတ် အဆက်ပြုတတ်တာကို မှတ်မိကြသလား?’ ဆိုပြီး တရားဟောခဲ့ဖူးပါတယ်။အဲဒါက အစစ်အမှန်ဟောကြားမှုပြုခဲ့တဲ့ကိစ္စကို ကျွန် တော်က နားလည်သဘောမပေါက်ခဲ့ခြင်းဖြစ်ပါတယ်။ ပြီးတော့အခုကျတော့ အဲဒါကို ကျွန်တော်တွေ့ရပါတယ်။ အဲဒါက နိမ့်ကျ တဲ့လမ်းကြောင်းတစ်ခုလိုမျိုးတော့ရှိနေပါတယ်။ ခင်ဗျားတို့ကတော့ အဲဒါဟာ ဗာတိကန်ကို ဖော်ပြမည့်အရာလိုမျိုး တစ်ခုခုတော့ဖြစ်ည်ဟု ထင်ကြပါလိမ့်မည်။ ဒါပေမယ့် ထိုသို့သောအရာက ဗတ္တိဇံယောဟန်သို့ ရောက်လာခြင်းဖြစ်ပါတယ်။အဲဒါက ကျွနု်ပ်တို့ ဘုရားသခင်၏ဖွားမြင်ခြင်းကဲ့သို့ ရောက်လာကြာတာဖြစ်ပါတယ်__ နွားစာခွက်ထဲရောက်လာသလိုမျိုးပါ!ဘုရားသခင်ဘုန်းကြီး စေသတည်း! ဒါကြောင့် ကျွန်တော်ကို ကူညီပေးကြပါ။ အချိန်နာရီက လက်ထဲမှာကိုရောက်နေပါပြီ! ကျွန်တော်တို့ဟာ ဒီအချိန်နာ ရီမှာ ရှိမနေကြတာဖြစ်ပါတယ်။ အခု ကျွန်တော်!အခု အဲဒါကို ခင်ဗျားတို့တွေ့ပါသလား?ဘုရားသခင်၏ရူပါရုံထဲက အမှန်တရား ဖြစ်ပါတယ်။ ကောင်းကင်တမန်ခုနစ်ပါးရှိပါတယ်။ အနောက်အရပ်ကနေကျွန်တော့်ကို ခေါ်ဆောင်မှုပြုကြပါတယ်။ သူတို့ဟာ အ နောက်အရပ်ကနေ ရောက်လာကြတာဖြစ်ပါတယ်။ အရှေ့ဘက်ကိုလည်းပြန်ရောက်လာကြပါတယ်။ ဒီနေ့ည ဒီသတင်းစကားအ တွက် ဒီနေရာကို ပို့ဆောင်မှုပြုကြပါတယ်။ အိုကျွန်တော်!

101 ၁၀၁။ အခုအဲ့ဒီကြီးစွာသော မိုးချုန်းသံကြီးရယ် ပြီးတော့ ဒီနေရာကိုခေါ်လာပြီး ရှင်းလင်းဖွင့်ဆိုပြတဲ့သာသနာလုပ်ငန်းရယ် ပြီး တော့ ထိုသို့သောအမှုသည်ဘုရားသခင်အမှုပြုတော်မူခြင်းဖြစ်ကြောင်း သက်သေပြသည့်အရာရှိပါတယ်။ အခု ချက်ချင်းစဉ်းစားကြည့်ကြပါ။ ဒီတံဆိပ်တွေကို ကျွန်တော်သိတာမဟုတ်ပါဘူး။ ပြီးတော့ ဒါတွေဟာ သီတင်းပတ်ကိုဖွင့်ပြမှုပြုခဲ့တာဖြစ်ပါတယ်။ အဲဒီ လို ဘယ်သူမဆိုတွေးမိကြတယ်မဟုတ်လား? ထိုသို့သောကောင်းကင်တမန်ခုနစ်ပါးရှိပါတယ်။ပြီးတော့... ဒါက ရောက်လာရမည့် သတင်းစကားဖြစ်ပါတယ်။ အဲဒီကောင်းကင်တမန်တွေကအဲဒီအတွက် ကျွန်တော့်ကို ဒီနေရာပြန်ခေါ်လာကြတာမဟုတ်ဘူးလား?

မှတ်ထားပါ။ သတ္တမမြောက်သတင်းစကားပို့ဆောင်သူက... ခုနစ်ယောက်မြောက် သတင်းစကားပို့ဆောင်သူက... ကျွန် တော့်ဆီ သတိပြုစရာတစ်ခုရောက်လာပါတယ်__ အဲဒါကိုကြည့်ရင် တခြားဟာတွေဆီရောက်လာတာထက်ကိုကျွန်တော့်ဆီ ရောက်လာတာထက်ကို ကျွန်တော့်ဆီရောက်တာကပိုသည်ဟု မြင်ရပါတယ်။ အခု ကြည့်ပါ။ ဒီလိုမျိုး သူတို့ဟာ မတ်တပ်ရပ်ပြီး တော့ ထိုသုိ့သောအခြားအရာတွေကို ကျွန်တော်မြင်ခဲ့ရဖူးပါတယ်... ကြည့်ပါ။ တစ်ခုက... ပထမ ဌက်အုပ်စုလေးတစ်စုမှာက အတောင်တွေအားလုံးကိုအောက်ချထားတာပါ။ သူတို့တွေကို ခင်ဗျားမှတ်မိပါသလား? ပြီးတော့ သူတို့အားလုံးဟာ အရှေ့အ ရပ်ကိုပျံသန်းသွားကြပါတယ်။ဒုတိယဌက်အုပ်စုက ပိုမိုတောက်ပမှုရှိပါတယ်။ ပိုပြီးကြီးတဲ့ဌက်ကလေးတွေလည်းဖြစ်ပါတယ်။__ကြည့်လိုက်ရင် ချိုးဌက်ကလေးတွေနဲ့တူပါတယ်။ အတောင်တွေကိုထောင်ထားတာဖြစ်ပါတယ်။ သူတို့ဟာ အရှေ့အရပ်ကိုပျံ သန်းသွားကြတာဖြစ်ပါတယ်။ပထမအံဆွဲဗူးရှိတယ်။ ဒုတိယအံ့ဆွဲဗူးရှိပါတယ်။ ဒီနောက်၊ နောက်တစ်ခုကတော့ ကောင်းကင်တ မန်တွေဖြစ်ပါတယ်။

102 ၁၀၂။ ကျွန်တော်အဲဒီမှာအမှန်တစ်ကယ်မတ်တပ်ရပ်နေခဲ့တာပါ။ ပြီးတော့ ဒီလိုဖျတ်ခနဲ ပေါ်ထွက်လာပြီး၊ ထင်ကျန်ခဲ့ပါတယ်။ ဒီအတိုင်းကမန်တော်တွေ့ခဲ့ရတာပါ။အနောက်ဘက်ဆီသို့ ဦးတည်နေပါတယ်။ ပြီးတော့ သူတို့ရောက်လာကာ အဲ့ဒီနောက်သို့ ကျွန် တော်ကိုခေါ်သွားကြတာဖြစ်ပါတယ်။ ကျွန်တော်ဟာ ကျွန်တော့အသိစိတ်ကနေလုံးဝပျောက်ကွယ်သွားခဲ့ရတာပါ။ သူတို့ထဲက တစ်ယောက်ကရောက်လာပါတယ်။ (တစ်ယောက်က ကျွန်တော်ကိုထူးထူးဆန်းဆန်းကြည့်နေခြင်းဖြစ်ပါတယ်။) ကျွန်တော် ပေါ်မှာရှိတဲ့တစ်ပါးကဘယ်ဘက်ကို ရောက်သွားပါတယ်။ကျွန်တော်ဟာ ကြယ်တာရာ အစုအဝေးထဲကို ရောက်သွားခဲ့ရတာပါ။ ဒါပေမယ့် ဘယ်ဘက်ကနေညာဘက်ထိရေတွက်ကြည့်ရင် အဲဒါက ကောင်းကင်တမန်ခုနစ်ပါးဖြစ်နေပါတယ်။ ကြည့်ပါ။ ဖြတ်ပြီး တော့ ရောက်လာတာဖြစ်ပါသည်။

အခု၊ သတင်းစကားပို့ဆောင်သူခုနစ်ပါးကိုမှတ်ထားကြပါ။ ကျွန်တော်ခင်ဗျားတို့ကို အနက်ပြန်ဆိုပြသည့် ဂျူနီယာ ဂျက်ဆင်၏အိမ်မက်ထဲကအဖြူရောင်ကျောက်တုံး ပိရမစ်ကို ခင်ဗျားတို့မှတ်မိပါသလား? သတိပြုပါ။ မိုးလင်းတော့ ကျွန်တော် အိမ်မက်ခြောက်ခုမက်ခဲ့ရတာပါ။ အိမ်မက်တိုင်းဟာ တိုက်ရိုက်ကို လုံးဝအတူတူပဲဖြစ်နေပါတယ်။ ဒီနောက်ရုပ်ပုံကိုအစပြု၍အနောက်ဘက်ကကျွန်တော်ဆီသက်ရောက်စေတော်မူပါတယ်။ ဂျူနီယာကတော့ စောင့်ကြည့်နေခဲ့ပါတယ်။…အခု သတိထားပါ။ ဘယ်လောက်ပြည့်စုံသလဲဆိုတာကိုကြည့်လိုက်ပါ။ အခုကျွန်တော်မျှော်လင့်ယုံကြည်တာက ခင်ဗျားတို့တွေ၊ ယေရှုခရစ်တော် ပေါ်မှာရှိတဲ့ဒီကျေးဇူးတော်ကို တည်ပေးနိုင်ဖို့ကျွန်တော်ကြိုးစားပေးနေတယ်ဆိုတာကို နားလည်သဘောပေါက်ကြဖို့ဖြစ်ပါတယ်။ ကိုယ်တော်ဟာ ဤသို့သောအရာအားလုံးကိုရေးသားသမ္မပြုသူဖြစ်ပါတယ်။ တစ်ခုတည်းသော အကြောင်းအရင်းက….ကျွန်တော်ပြောခဲ့တဲ့အကြောင်းအရာကိုဒီ့မတိုင်ခင်က ခင်ဗျားတို့ဘဝမှာ လုံးဝကြားခဲ့ဖူးမှာမဟုတ်ပါဘူး။ ဒါပေမယ့် ဒီအချိန်နာရီကချဉ်းကပ်လျှက်ရှိပြီးဖြစ်ပါတယ်။

103 ၁၀၃။ သတိပြုပါ။အခု ထိုသို့သောအရာက ခင်ဗျားတို့ကို သေချာစေပါတယ်။ ဒါကြောင့် ထိုအရာက မောင်းချသွားလို့ရနိုင်ပါတယ်။ ကျွန်တော်ဟာ ခင်ဗျားတို့ကို ပြန်ပြီးတော့ ထွက်လာလို့ရအောင် လုပ်ဆောင်နေရတာပါ။ကျွန်တော်တို့ ဘယ်နေရာကို သွားရမလဲဆိုတာကျွန်တော်မသိပါဘူး၊ ဇဝဲဂေလိတရားကို ကျွန်တော်အခြားနေရာတွေမှာဟောကိုဟောရအုံးပါမည်။ ဒါပေမယ့် အခု အဲဒါက…ခင်ဗျားတို့က ‘ကျွန်တော်တော့ အယူသီးမှုအမျိုးစုံကိုကြားခဲ့ရပြီးဖြစ်တယ်’ လို့ပြောချင်လည်းပြောကြပါမည်။ ဘာ ဆိုတာတော့ကျွန်တော်မသိပါဘူး….ကျွန်တော်အခြားဘယ်သူ့ကိုမှ တရားစီရင်လို့မရပါဘူး။ ကျွန်တော့အတွက်ကိုသာ ကျွန် တော်ဟာ ဘုရားသခင်ကိုအဖြေပေးရမှာဖြစ်ပါတယ်။ ဒါပေမယ့်တစ်ကြိမ်တစ်ခါ ကျွန်တော်ဟာ မမှန်တဲ့အရာကိုအလုံးစုံသော၊ ဤသို့သောနှစ်ကာလများမှာဘုရားနာမတော်မြတ်၌ ဘယ်တစ်ခုကို ကျွန်တာ်အမြဲ ပြောခဲ့ဖူးတာမျိုးရှိပါသလဲ? ဘယ်သူမှ ဘာမှ ပြောလို့မရတာက ကျွန်တော် အစဉ်သဖြင့်ကိုယ်တော်ရှင်မိန့်တော်မူတဲ့အရာတိုင်းကိုပဲ ပြောခဲ့တာဖြစ်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

အခုဒါက အဲဒီကိစ္စကိုအတိအကျ အမှန်အကယ် အတည်ပြုတယ်ဆိုတဲ့အကြောင်း ခင်ဗျားတို့ကို ကျွန်တော်အားရှင်းပြ ခွင့်ပြုပါ။ အခုမှတ်ထားပါ။ ‘ဒီလိုဝိညာဉ်ရေးရာနှင့်ဆိုင်တဲ့..ဒါမှမဟုတ် ပရောဖက်တစ်ယောက်ဖြစ်ပါမည်။ ကျွန်တော်ကဘုရား သခင်ကတော့ရုပ်ပုံတွေထဲမှာသူကိုစကားပြောပါလိမ့်မည်။ အိမ်မက်များအားဖြင့် သူ့ကိုသိစေတော်မူပါလိမ့်မည်။’__အိမ်မက် များကိုအနက်ပြန်ဆိုမှုပြုပါမည်။အဲဒီလိုလား?…ယောသပ်က အိမ်မက်တွေကိုအနက်ပြန်ဆိုမှုပြုနိုင်ပါတယ်။ပြီးတော့ ပြောပြ ပါမည်။ ရုပ်ပုံတွေကိုလည်းမြင်ရပါတယ်။ အဲဒါမှန်ပါသလား?

104 ၁၀၄။ အခုဒါကိုသတိထားပါ။ အခု အဲဒါကဒီလိုဖြစ်တဲ့အချိန်မှာ အဲဒီလိုပိရမစ်အကြီးကြီးရှိတဲ့ ကွင်းပြင်ကြီးတစ်ခုထဲမှာဂျူနီယာကမတ်တပ်ရပ်နေပါသည်။ အဲလိုမျိုးနော်၊ အဒြီလိုကျောက်တွေပေါ်မှာက တစ်ခုခုကို ရေးထားခဲ့ပါတယ်။ကျွန်တော်လူတွေကိုရှင်းပြခဲ့ဖူးပါတယ်။ အဲဒါဟုတ်တယ်နော် ဂျူနီယာ။ ဒီလိုမဖြစ်ခင်တစ်နှစ်လောက်ကဖြစ်ပါမည်။

အခု နောက်ထပ်တစ်ခုကိုသတိပြုပါ။ ကျွန်တော်ဟာ တုတ်ချောင်းတစ်ချောင်းလိုအရာမျိုးကို ယူလိုက်ပြီး အဲဒါကိုဖြတ်ချလိုက်တာဖြစ်ပါတယ်။ ဘာမှရေးသားထားခြင်းမရှိတဲ့ ကျောက်ဖြူရဲ့ အတွင်းသားပေါ်မှာရှိပါတယ်။အဲဒီအချိန် အနောက်သို့ စပြီးကျွန်တော်ရောက်သွားခဲ့ပါတယ်။ ပြီးတော့ ကျွန်တော်သူတိုပအားလုံးကိုပြောပြခဲ့ပါတယ်။ ကျွန်တော်က ‘အနောက်ဘက်ကိုမသွားနဲ့နော်၊ ဒီမှာပဲနေပါ။ ကျွန်တော်ပြန်လာတဲ့အထိ ဒါကိုကြည့်နေပါ။’ လို့ပြောခဲ့ပါတယ်။ လေတိုက်လိုက်သလိုဖြစ်တာကြောင့်အနောက်ကိုရောက်သွားတာ ဖြစ်ပါမည်။ ဒီရေးသားမထားတဲ့ နှုတ်ကပတ်တော်ကို သန့်ရှင်းသောဝိညာဉ်တော်ကအနက်ပြန်ဆိုမှု ပြုခြင်းနဲ့အတူအရှေ့ဘက်သို့ပြန်ရောက်လာခဲ့ပါတယ်။ အခု တကယ်လို့ အဲဒါက ဘုရားသခင်၏ အင်အားကြီးမားတော်မူသောအရာနှင့်အတူပြည့်စုံခြင်းမရှိနိုင်ဘူးဆိုရင် ဘာဆိုတာကို ကျွန်တော်သိချင်ပါတယ်။ ဒီအတွက် ဘာပြောဖို့ကျွန်တော်ကြိုးစားရ မှာလဲ၊ မိတ်ဆွေတို့?အဲဒါက အဆုံးသတ်အချိန်နာရီ၌ ကျွန်တော်တို့ ရောက်နောကတယ်ဆိုတာကို ခင်ဗျားတို့အားဖေါ်ပြနေ ခြင်းပင်ဖြစ်ပါသည်။

105 ၁၀၅။ အခုတစ်ကယ်လို့ အခြားအရာတွေကလည်း နှုတ်ကပတ်တော်နှင့် လုံးဝ တသားတည်းကျနေတယ်ဆိုရင်၊ ဒါကြောင့်ဤသို့သောအရာဟာလည်း နှုတ်ကပတ်တော်နှင့် လုံးဝ တသားတည်းကျနေခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ဒီလိုရှိနေကြပါတယ်။ ကျွန်တော်တို့ အဆုံးမှာ ရှိေနေကြတာဖြစ်ပါတယ်။ မိတ်ဆွေတို့ မကြာခင်အဲဒါက အချိန်ကို ကုန်လွန်သွားစေပါမည်။ သန်းနဲ့ချီပြီးသူတို့ရဲ့အသက်တွေကို ဆုံးရှုံးကြရပါတော့မည်။သန်းနဲ့ချီပြီးတာ့ဖြစ်ကြမှာပါ။….အလို သူတို့ဟာကယ်တင်ခြင်းကိုခံရမယ်လို့ယုံကြည်ထားကြပါတယ်။…အနုမြူခေတ်ကာလအတွက်သိုးစုတို့ကို ရေတွက်ပြုတော်မူပါမည်။

ကျွန်တော်တို့ဟာ အဆုံးသတ်အချိန်နာရီ၌အသက်ရှင်နေကြရတာဖြစ်ပါသည်။ အင်အားကြီးသော ဘုရားသခင်၏ ကျေး ဇူးတော်ကြောင့်ကိုယ်တော်ကသူ့ရဲ့လူတွေကို ကူညီမစတော်မူခြင်းအားဖြင့်၊ ရှေ့မှာ မကြာခင်၊ ခရစ်တော်၏ပေါ်ထွန်းခြင်းအကြောင်းကို တွေ့မြင်ရကောင်းတွေ့မြင်ကြရပါမည်။… ‘ဘယ်လောက်ကြာမှာလဲ၊ဘရာသာဘရမ်ဟမ်?’ ဆိုပြီးတော့မေးကြပါတယ်။ အနှစ် နှစ်ဆယ်အတွင်း

ဖြစ်ချင်ဖြစ်ပါမည်။ အနှစ်ငါးဆယ်ရောက်မှလည်း ဖြစ်ချင်ဖြစ်ပါမည်။နှစ်တစ်ရာမှာလည်း ဖြစ်ချင်ဖြစ်ပါမည်။__ကျွန်တော်တော့မသိပါဘူး။ မနက်လည်းဖြစ်ချင်ဖြစ်မည်။ ညလည်းဖြစ်ချင်ဖြစ်မည်။ ကျွန်တော်တော့မသိ ပါဘူး။သူတို့သိတယ်လို့ပြောတဲ့ ဘယ်သူမဆို သူတို့ဟာ မှားယွင်းတဲ့လူတွေဘဲဖြစ်ကြပါတယ်။ သူတို့မသိကြပါဘူး။ဘုရားသ ခင်သည်သာ သိကျွမ်းတော်မူပါတယ်။

106 ၁၀၆။ အခုသတိထားပါ။ ဒါကြောင့် ကျွန်တော်ကို ကူညီမစတော်မူခြင်းဖြစ်ပါတယ်။ ကျွန်တော်က သမ္မာတရားကိုဘုရားသ ခင်အားဖြင့် ပြောဆိုမှုပြုတာဖြစ်ပါတယ်။ ဤသို့သောအရာတွေက ဝိညာဉ်ရေးရာအရ ကျွန်တော့်ကိုပိုင်းခြားနားလည်စေသောအရာတွေ ဖြစ်ပါတယ်။ __သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ပိုင်းခြားနားလည်ရခြင်းဖြစ်ပါတယ်။ သူတို့ တစ်ယောက်ချင်းစီက ကျမ်းစာထဲမှာ သူတို့ရဲ့နေရာကိုအဓိပ္ပါယ်သတ်မှတ်မှု ပြုပြီးသားဖြစ်ပါတယ်။ အခု ဒီလို့ဝှက်ချက်ကြီးဟာ ဒီတံဆိပ်အောက်မှာရှိနေခြင်းဖြစ်ပါတယ်။ ကျွန်တော်လည်း မသိပါဘူး။ အဲဒါကို ကျွန်တော်လည်းမသိပါဘူး။ အဲဒါကိုထွက်လာအောင်ကျွန်တော်မလုပ် ဆောင်နိုင်ပါဘူး။ အဲဒါကို ကျွန်တော်ပြောပြလို့မရပါဘူး။အခု ဘာဆိုတာ ပြောခဲ့ဘူးပါတယ်။ ဒါပေမယ့် အဲ့ဒီမှာ မိုးချိန်းသံခုနှစ်ခု ဟာ အဆုံးထိ သူတို့ပါသာသူတို့မှန်မှန်ကန်ကန် သေသေချာချာ အတူတကွရှိနေတယ်ဆိုတာကို ကျွန်တော်သိပါတယ်။ အခုလို မတူညီတဲ့ခုနှစ်ကြိမ်တိတိ မိုးချုန်းခဲ့တာဖြစ်ပါတယ်။ ကျွန်တော်မြင်ခဲ့ရတာကတော့ တခုခုထဲမှာရှိနေတဲ့လိပ်မထားတဲ့အရာပဲ ဖြစ်ပါတယ်။

ဒီနောက် အဲဒါကိုကျွန်တော်မြင်ရတဲ့အခါအဲဒီကျူဖြတ်ပြီး ပျံသန်းသွားတယ်လို့ ကျွန်တော်အဓိပ္ပါယ်ပြန်ဆိုမှုပြုခဲ့ ခြင်းကြောင့်အဲ့ဒါကိုထွက်သွားအောင်တော့ မလုပ်ပစ်နိုင်ပါဘူး။ အဲ့ဒါကအတိအကျအမှန်ကန်ပါပဲ။ ကြည့်ပါ။အချိန်နာရီက အဲ့ဒီ အတွက်တော့ အခုထိမရောက်သေးပါ။ ဒါပေမဲ့အဲ့ဒါက အဲ့ဒီစက်ဝိုင်းထဲမှာလည်နေတာကိုတော့ မြင်ရပါတယ်။ အဲ့ဒါကရောက်လာ ဖို့တော့နီးပါပြီ။ ဒါကြောင့်ခင်ဗျားတို့လုပ်ရမည့်အရာဖြစ်တဲ့အတွက်ကြောင့် ဘုရားနာမတော်မြတ်၌ ခင်ဗျားတို့ကိုကျွန်တော် စကား နေခြင်းဖြစ်တယ်ဆိုတာတော့ အမှတ်ရကြပါမည်။ ပြင်ဆင်ထားရပါမည်။ဘယ်အချိန်မှာ ဘာဖြစ်လာနိုင်တယ်ဆိုတာကို ခင်ဗျား တို့မသိတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

107 ၁၀၇။ အခုအဲ့ဒီအကြောင်းအတွေးထဲရောက်သွားရင် အဲ့ဒါကကျွန်တော့်ရဲ့အဝေးမှာ ရှိနေတဲ့ကျွန်တော့်ရဲ့မိတ်ဆွေ လူတစ် သောင်းလောက်ဆီကို ပို့ချင်လည်းပို့လို့ရပါတယ်။ဘာဖြစ်လို့လဲဆိုရင် သူတို့ဟာ ဘရာသာဘရမ်ဟမ်က သူ့ကိုယ်သူပါအောင် ကြိုးစားနေခြင်းဖြစ်တယ်လို့ပြောစရာအကြောင်းရှိနေလို့ပါ။ အမှုတော်ဆောင်တစ်ယောက် ဒါမှမဟုတ် ပရောဖက်တစ်ယောက် ဒါ မှမဟုတ်တစ်ခုခုဆိုပြီး ဘုရားသခင်ရှေ့မှာရှိတယ်လို့ ကြိုးစားနေတာဆိုပြီး ပြောစရာဖြစ်နေမှာစိုးလို့ပါ။ကျွန်တော်ခင်ဗျားတို့ ကို ပြောပါရစေ။ ကျွန်တော့်ရဲ့ညီအစ်ကိုတို့ အဲ့ဒါကအမှားတုပါ! ကျွန်တော်မြင်ရတဲ့အရာကိုကခင်ဗျားတို့ကို ပြောလို့ရပါတယ်။ ကျွန်တော့်ကိုပြောတဲ့အရာကိုပဲ ပြောလို့ရတာပါ။ခင်ဗျားတို့လုပ်ချင်တာကို ခင်ဗျားတို့လုပ်ကြပါ။ ဘယ်သူသွား မယ် ... ဘာဆက် ဖြစ်မယ်ဆိုတာကို ကျွန်တော်မသိပါဘူး။ ကျွန်တော်မသိဘူးနော်။ကျွန်တော်အခုသိတာက အဲ့ဒီမိုးချုန်းသံခုနစ်ခုထဲ အဲ့ဒီလျှို့ ဝှက်နက်နဲမှုကို ဆုပ်ကိုင်ထားတယ်ဆိုတာပါပဲ။ အဲဒီကောင်းကင်ဟာ တိတ်ဆိတ်လျှက်ရှိပါတယ်။ (လူတိုင်းနားလည်ပါ သလား?)

အဲ့ဒါကအချိန်ဖြစ်ချင်လဲဖြစ်ပါမည်။အဲ့ဒါကအခုအချိန်နာရီ ဖြစ်ချင်လည်းဖြစ်ပါမည်။ ဒီကြီးမြတ်သူကြီးကို ကျွန်တော်တို့က ပိတ်ကားပေါ်မှာပေါ်လာဖို့မျှော်လင့်ထားကြတာကြောင့် ပိတ်ကားပေါ် ပေါ်ချင်လည်းပေါ်လာပါမည်။ ကျွန်တော်ဟာ အုတ်မြစ်ချထားတဲ့ နှုတ်ကပတ်တော်ရှိရာဆီသို့ လူတွေကိုပြန်ခေါ်လာဖို့ ကြိုးစားနေခြင်းဖြစ်တယ်ဆိုတဲ့ဒီလိုသာသနာလုပ်ငန်းမျိုး ရှိချင် လည်းရှိပါမည်။ တစ်ကယ်လို့ အဲလိုဖြစ်တယ်ဆိုရင်တော့ကျွန်တော်ဟာကောင်းဖို့ရာ ခင်ဗျားတို့ကိုထားခဲ့ရပါတော့မည်။ အဲလို တစ်ချိန်တည်းမှာ ဒီလိုမျိုး ကျွန်တော်တို့နှစ်ယောက်လုံးတော့ပါတော့မှာမဟုတ်ပါဘူး။ တစ်ကယ်လို့အဲလိုဆိုရင်တော့ သူကတိုး ပွားမှာဖြစ်ပြီး၊ ကျွန်တော်ကဆုတ်ယုတ်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တော့မသိတော့ပါဘူး။ ဒါပေမယ့် ကျွန်တော်ကတော့ ထိုသို့ဖြစ်ခြင်းကို ဘုရားသခင်အားဖြင့် မြင်တွေ့ကြည့်ရှုလို့ရမည့် အခွင့်ထူးတစ်ရပ်ကိုတော့ပိုင်ဆိုင်ခဲ့ရဖူးပါတယ်။ အဲဒီမှာ သိပ်အများ ကြီးခေါက်လိပ်ထားတာမရှိပါဘူး။ အခု အဲဒါကအမှန်တရားဖြစ်ပါတယ်။

